ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားညီညွတ်ရေးအစိုးရ

အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးရေးနှင့်ဝင်ငွေရရှိတိုးပွားရေးကော်မတီ

လုပ်သားစေ့းကွက်လေ့လာရေးလုပ်ငန်းအဖွဲ့

CDM ဝန်ထမ်းများ၏

နေထိုင်မှုနှင့် အလုပ်အကိုင်အခြေအနေ လေ့လာမှုစစ်တမ်း

အစီရင်ခံစာ

၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ

Contents

နိဒါန်း 1

ရည်ရွယ်ချက် 1

စစ်တမ်းကောက်ယူခဲ့သည့် အချက်အလက်များ 1

စစ်တမ်းကောက်ယူခဲ့သည့်နည်းလမ်း 2

စစ်တမ်းလေ့လာမှုနည်းလမ်း 2

စစ်တမ်းကောက်ယူမှုမှ တွေ့ရှိချက်များ 3

စစ်တမ်းဖြေဆိုသူများ၏ ဝိသေသလက္ခဏာများ 3

လိင်စိတ်ခံယူမှု၊ အသက်အပိုင်းအခြားနှင့် အိမ်ထောင်ရေးအခြေအနေအလိုက်လေ့လာချက် 3

တာဝန်ထမ်းဆောင်ခဲ့မှုအခြေအနေအလိုက်လေ့လာချက် 5

လက်ရှိနေထိုင်မှုအခြေအနေအလိုက်လေ့လာချက် 10

အိမ်ထောင်ရေး၊ နေထိုင်မှုနှင့် အခက်အခဲအခြေအနေအလိုက် လေ့လာချက် 13

စစ်တမ်းဖြေဆိုသူများ၏ အလုပ်အကိုင်လေ့လာချက် 19

အလုပ်အကိုင်လိုအပ်မှုအခြေအနေလေ့လာချက် 24

ဝင်ငွေရအလုပ် မလုပ်ကိုင်ရသည့်အကြောင်းအရင်း 24

အလုပ်အကိုင် လုပ်ကိုင်လိုမှုအခြေအနေ 25

အလုပ်လုပ်ကိုင်လိုသူများ၏ အဓိကလိုအပ်သော အလုပ်အကိုင်အခြေအနေ 26

သင်တန်းတက်ရောက်လိုမှုအခြေအနေ 31

အွန်လိုင်းသင်တန်း တက်ရောက်လိုမှုဆိုင်ရာအချက်အလက်များ 31

မြေပြင်သင်တန်း တက်ရောက်လိုမှုဆိုင်ရာ အချက်အလက် 33

မူဝါဒပိုင်းဆိုင်ရာအကြံပြုချက် 34

နိဂုံး 35

နိဒါန်း

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ စစ်တပ်၏ မတရားအာဏာသိမ်းယူမှုအပေါ် လက်မခံ၍ အကြမ်းမဖက် အာဏာဖီဆန်ခဲ့ကြသည့် ပြည်သူ့ဘက်တော်သား CDM ဝန်ထမ်းများသည် စစ်တပ်၏ အမျိုးမျိုးသော တားဆီးနှောက်ယှက်မှုများကြားမှ ကြံ့ကြံ့ခံ၍ ဓမ္မတရားဘက်တွင် ရပ်တည်လျက် ရှိကြသော်လည်း ၎င်းတို့၏ နေ့စဉ်ရှင်သန်နေထိုင်မှုတွင် အခက်အခဲများစွာဖြင့် ရင်ဆိုင်ကြုံတွေ့လျက် ရှိပါသည်။ အဆိုပါ အခက်အခဲများအနက် ဝင်ငွေပုံမှန်မရှိခြင်းသည် အဓိက ပြဿနာတစ်ရပ်ဖြစ်ရာ CDM ဝန်ထမ်းများ ဝင်ငွေပုံမှန်ရရှိစေရေးအတွက် အလုပ်အကိုင် အခွင့်အလမ်း ချိတ်ဆက်ဖော်ဆောင်ပေးခြင်းသည် အဓိကအခန်းကဏ္ဍတစ်ရပ်ဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်သည်။

အဆိုပါအချက်ကို ဖြေရှင်းနိုင်ရေး အမျိုးသားညီညွတ်ရေးအစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်အားလျော်စွာအလုပ်အကိုင်အခွင့်အလမ်းများဖန်တီးရေးနှင့်ဝင်ငွေရရှိတိုးပွားရေးကော်မတီ (Job Creation and Income Generation Committee) ဖွဲ့စည်းပြီး CDM ဝန်ထမ်းများနှင့် ပြည်သူများအတွက် အလုပ်အကိုင်ဖန်တီးရေး၊ ဝင်ငွေဖော်ဆောင်ပေးရေးတို့ကို အလေးထားဆောင်ရွက် ပေးလျက်ရှိပါသည်။

ရည်ရွယ်ချက်

အမျိုးသားညီညွတ်ရေးအစိုးရ၊ အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးရေးနှင့် ဝင်ငွေရရှိတိုးပွားရေးကော်မတီ အောက်ရှိ လုပ်သားဈေးကွက်လေ့လာရေးလုပ်ငန်းအဖွဲ့ (Labour Market Analysis Task Force) သည် CDM ဝန်ထမ်းများ၏ လက်ရှိကြုံတွေ့နေရသည့် အခက်အခဲနှင့် အလုပ်အကိုင်အခြေအနေကို သိရှိနိုင်ရန်ရည်ရွယ်၍ “CDM ဝန်ထမ်းများ၏ နေထိုင်မှုနှင့် အလုပ်အကိုင်အခြေအနေလေ့လာမှုစစ်တမ်း” ကို ကောက်ယူခဲ့ပါသည်။

စစ်တမ်းရလာဒ်အပေါ် အခြေခံ၍ အမျိုးသားညီညွတ်ရေးအစိုးရ၊ အလုပ်အကိုင်ဖန်တီးရေးနှင့် ဝင်ငွေဖော်ဆောင်ပေးရေးကော်မတီအနေဖြင့် ပိုမိုကောင်းမွန်သော အကူအညီများ ပံ့ပိုးခြင်း၊ အလုပ်အကိုင်များ ရှာဖွေချိတ်ဆက်ပေးခြင်း၊ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ စတင်နိုင်ရေး ပံ့ပိုးပေးခြင်းနှင့် လုပ်ငန်းကျွမ်းကျင်မှုသင်တန်းများ ဖွင့်လှစ်ပေးခြင်းတို့ကို ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

စစ်တမ်းကောက်ယူခဲ့သည့် အချက်အလက်များ

စစ်တမ်းကောက်ယူရခြင်း၏ ရည်ရွယ်ချက်ကို လွှမ်းခြုံနိုင်ရန်အတွက် စစ်တမ်းမေးခွန်းလွှာကို သက်ဆိုင်ရာ ဝန်ကြီးဌာနကိုယ်စားလှယ်များ၏ အကြံပြုချက်များကိုရယူဆောင်ရွက်ခဲ့ရာ စစ်တမ်းမေးခွန်းလွှာကို အပိုင်း ၃ ပိုင်း၊ မေးခွန်း ၃၅ ခုဖြင့် ပြုစုဆောင်ရွက်နိုင်ခဲ့ပါသည်။ မေးခွန်းလွှာပါ အဓိကအချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

အပိုင်း ၁။ ဝန်ထမ်း၏အခြေခံအချက်အလက်၊ နေထိုင်မှုအခြေအနေနှင့် အခက်အခဲ

(က) ဝန်ထမ်း၏ အမည်၊ အသက်၊ လိင်၊ အိမ်ထောင်ရေးအခြေအနေ၊

(ခ) ပညာအရည်အချင်း၊

(ဂ) တာဝန်ထမ်းဆောင်ခဲ့မှုအခြေအနေ၊

(ဃ) လက်ရှိနေထိုင်မှုအခြေအနေ၊

(င) အထောက်အပံ့ရရှိမှုအခြေအနေ၊

(စ) ကြုံတွေ့နေရသည့်အခက်အခဲ၊

အပိုင်း ၂။ ဝန်ထမ်း၏ အလုပ်အကိုင်အခြေအနေ

(က) ဝင်ငွေရအလုပ်လုပ်ကိုင်နေမှုရှိမရှိ

(ခ) လခစားအလုပ် လုပ်ကိုင်နေသူများ၏ အလုပ်အကိုင်အခြေအနေ၊

(ဂ) ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်နေသူများ၏ အလုပ်အကိုင်အခြေအနေ၊

(ဃ) အလုပ်မရှိသူများ၏ အလုပ်လုပ်ကိုင်လိုမှုအခြေအေန၊

အပိုင်း ၃။ သက်မွေးသင်တန်းတက်ရောက်လိုမှု အခြေအနေ

(က) အွန်လိုင်းမှ သင်တန်းတက်ရောက်လိုမှုအခြေအနေ၊

(ခ) မြေပြင် သင်တန်းတက်ရောက်လိုမှုအခြေအနေ၊

စစ်တမ်းကောက်ယူခဲ့သည့်နည်းလမ်း

စစ်တမ်းကောက်ယူမှုကို CDM ဝန်ထမ်းများအားလုံး ပါဝင်နိုင်ရန်ရည်ရွယ်ခဲ့သော်လည်း စစ်တမ်းပါဝင်ဖြေဆိုရန် လုံခြုံရေးအခြေအနေအရ ဖြေဆိုရန်ငြင်းပယ်ခြင်း၊ ဆက်သွယ်၍မရခြင်း စသည့်အခက်အခဲများကြောင့် နမူနာရွေးချယ်ခြင်းကို Non-propability Sampling Method တစ်ခုဖြစ်သည့် Convenience Sampling အရ လက်လှမ်းမှီရာ CDM ဝန်ထမ်းများကို ဖြေဆိုစေခဲ့ပါသည်။ စစ်တမ်းတွင် CDM ဝန်ထမ်း ဖခုစာ ဦး ဖြေဆို သည့်အတွက် CDM ဝန်ထမ်းများအနက် စစ်တမ်းဖြေဆိုသူရာခိုင်နှုန်း ၂% ခန့်ရှိခဲ့ပါသည်။

စစ်တမ်းကောက်ယူခြင်းကို ကို ၂၄-၆-၂၀၂၂ ရက်နေ့မှ ၁၇-၇-၂၀၂၂ ရက်နေ့အထိ အွန်လိုင်းမေးခွန်းလွှာဖြင့် CDM ဝန်ထမ်းများ တိုက်ရိုက်ဖြည့်စွက်မှုနည်းလမ်းနှင့် အင်တာနက်လိုင်းမရရှိသူ၊ လုံခြုံရေးအရ ကိုယ်တိုင်ဖြေဆိုရန် အဆင်မပြေသူများအတွက် သက်ဆိုင်ရာ ဌာနတာဝန်ခံများမှ ကိုယ်စားဖြည့်စွက်မှုနည်းလမ်း ဟူ၍ နည်းလမ်း ၂ မျိုးဖြင့် ကောက်ယူခဲ့ပါသည်။

စစ်တမ်းလေ့လာမှုနည်းလမ်း

ရရှိလာသည့် စစ်တမ်းရလဒ်များကို လေ့လာရာတွင် Non-propability Sampling Method ဖြင့် ကောက်ယူထားသည့် အချက်အလက်များဖြစ်သည့်အားလျော်စွာ စစ်တမ်းဖြေဆိုခဲ့သည့် CDM ဝန်ထမ်း ဖခုစာ ဦးပေါ်တွင်သာ သုံးသပ်လေ့လာနိုင်မည်ဖြစ်ပြီး၊ CDM ဝန်ထမ်းအားလုံးကို ကိုယ်စားပြုနိုင်မည် မဟုတ်ပါ။ လေ့လာတွေ့ရှိချက်များကို သရုပ်ဖော်စာရင်းအင်း (Descriptive Statistics) ဖြင့် လေ့လာဖော်ပြ သွားမည်ဖြစ်ပါသည်။

စစ်တမ်းကောက်ယူမှုမှ တွေ့ရှိချက်များ

စစ်တမ်းဖြေဆိုသူများ၏ ဝိသေသလက္ခဏာများ

လိင်စိတ်ခံယူမှု၊ အသက်အပိုင်းအခြားနှင့် အိမ်ထောင်ရေးအခြေအနေအလိုက်လေ့လာချက်

ဇယား 1 လိင်စိတ်ခံယူမှုအလိုက် စစ်တမ်းဖြေဆိုသူဦးရေနှင့် ရာခိုင်နှုန်း

	ဦးရေ	ရာခိုင်နှုန်း
ကျား	၁၇၉၇	၂၈.၂
မ	၄၅၄၂	၇၁.၂
အခြား	၄၂	၀.၇
စုစုပေါင်း	**၆၃၈၁**	**၁၀၀.၀**

ပုံ 1 လိင်စိတ်ခံယူမှုအလိုက် စစ်တမ်းဖြေဆိုသူရာခိုင်နှုန်း



စစ်တမ်းဖြေဆိုသူများကို လိင်စိတ်ခံယူမှုအလိုက် လေ့လာကြည့်ရာ ကျား ၂၈.၂%၊ မ ၇၁.၂% နှင့် အခြား ၀.၇% ဖြင့် အမျိုးသမီးပါဝင်မှုသည် အများဆုံးဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။

ဇယား 2 အသက်အပိုင်းအခြားအလိုက် စစ်တမ်းဖြေဆိုသူဦးရေနှင့် ရာခိုင်နှုန်း

	ဦးရေ				ရာခိုင်နှုန်း			
	ကျား	မ	အခြား	ပေါင်း	ကျား	မ	အခြား	ပေါင်း
၂၅ နှစ်နှင့်အောက်	၂၃၉	၃၉၈	၁	၆၃၈	၁၃.၃	၈.၈	၂.၄	၁၀.၀
၂၆ - ၃၀	၅၄၇	၁၂၆၃	၆	၁၈၁၆	၃၀.၄	၂၇.၈	၁၄.၃	၂၈.၅
၃၁ - ၃၅	၄၀၀	၁၀၇၂	၉	၁၄၈၁	၂၂.၃	၂၃.၆	၂၁.၄	၂၃.၂
၃၆ - ၄၀	၂၇၁	၇၄၂	၆	၁၀၁၉	၁၅.၁	၁၆.၃	၁၄.၃	၁၆.၀
၄၁ - ၄၅	၁၅၇	၄၄၃	၇	၆၀၇	၈.၇	၉.၈	၁၆.၇	၉.၅
၄၆ - ၅၀	၉၉	၃၂၃	၆	၄၂၈	၅.၅	၇.၁	၁၄.၃	၆.၇
၅၁ - ၅၅	၅၇	၁၈၀	၄	၂၄၁	၃.၂	၄.၀	၉.၅	၃.၈
၅၆ နှင့်အထက်	၂၇	၁၂၁	၃	၁၅၁	၁.၅	၂.၇	၇.၁	၂.၄
စုစုပေါင်း	**၁၇၉၇**	**၄၅၄၂**	**၄၂**	**၆၃၈၁**	**၁၀၀.၀**	**၁၀၀.၀**	**၁၀၀.၀**	**၁၀၀.၀**

ပုံ 2 အသက်အပိုင်းအခြားအလိုက် စစ်တမ်းဖြေဆိုသူရာခိုင်နှုန်း



စစ်တမ်းဖြေဆိုသူများကို အသက်အပိုင်းအခြားအလိုက် လေ့လာကြည့်ရာ အသက်အုပ်စု ၂၆-၃၀ ၏ ပါဝင်မှုသည် ၂၈.၅% ဖြင့် အမြင့်မားဆုံးဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်ပြီး၊ ၃၁-၃၅ သည် ၂၃.၂% ဖြင့် ဒုတိယအများဆုံး၊ ၃၆-၄၀ သည် ၁၆.၀% ဖြင့် တတိယအများဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။

ဇယား 3 ပညာရေးအဆင့်အလိုက် စစ်တမ်းဖြေဆိုသူ ဦးရေနှင့် ရာခိုင်နှုန်း

	ဦးရေ				ရာခိုင်နှုန်း			
	ကျား	မ	အခြား	ပေါင်း	ကျား	မ	အခြား	ပေါင်း
မူလတန်းအဆင့်နှင့်အောက်	၂၅	၅၃	၁	၇၉	၁.၄	၁.၂	၂.၄	၁.၂
အလယ်တန်းအဆင့်	၄၀	၄၉	၂	၉၁	၂.၂	၁.၁	၄.၈	၁.၄
အထက်တန်းအဆင့်	၂၀၁	၁၀၆	၁	၃၀၈	၁၁.၂	၂.၃	၂.၄	၄.၈
တက္ကသိုလ်တက်ရောက်ဆဲ	၁၉၈	၂၃၄	၁	၄၃၃	၁၁.၀	၅.၂	၂.၄	၆.၈
သက်မွေးပညာသင်တန်း	၃၈	၇၅	၀	၁၁၃	၂.၁	၁.၇	၀.၀	၁.၈
ဘွဲ့ရနှင့်အထက်	၁၂၉၀	၄၀၁၁	၃၇	၅၃၃၈	၇၁.၈	၈၈.၃	၈၈.၁	၈၃.၇
အခြား	၅	၁၄	၀	၁၉	၀.၃	၀.၃	၀.၀	၀.၃
စုစုပေါင်း	**၁၇၉၇**	**၄၅၄၂**	**၄၂**	**၆၃၈၁**	**၁၀၀.၀**	**၁၀၀.၀**	**၁၀၀.၀**	**၁၀၀.၀**

ပုံ 3 ပညာရေးအဆင့်အလိုက် စစ်တမ်းဖြေဆိုသူရာခိုင်နှုန်း



စစ်တမ်းဖြေဆိုသူများကို ပညာရေးအဆင့်အလိုက် လေ့လာကြည့်ရာ အများစု ၈၃.၇% သည် ဘွဲ့ရနှင့် အထက်ဖြစ်သည်ကို တွေ့ရှိရပြီး၊ တက္ကသိုလ်တက်ရောက်ဆဲ ၆.၈%၊ အထက်တန်းအဆင့် ၄.၈% ဖြစ်ကြောင်း တွေ့ရှိရပါသည်။

တာဝန်ထမ်းဆောင်ခဲ့မှုအခြေအနေအလိုက်လေ့လာချက်

ဇယား 4 လစာနှုန်းထားအလိုက် စစ်တမ်းဖြေဆိုသူ ဦးရေနှင့် ရာခိုင်နှုန်း

	ဦးရေ				ရာခိုင်နှုန်း			
	ကျား	မ	အခြား	ပေါင်း	ကျား	မ	အခြား	ပေါင်း
၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀	၁၁၁	၁၂၀	၀	၂၃၁	၆.၂	၂.၆	၀.၀	၃.၆
၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀	၁၀၁	၅၇	၂	၁၆၀	၅.၆	၁.၃	၄.၈	၂.၅
၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀	၄၅၀	၁၂၂၀	၈	၁၆၇၈	၂၅.၀	၂၆.၉	၁၉.၀	၂၆.၃
၁၉၈၀၀၀-၂၀၀၀-၂၀၈၀၀၀	၄၀၃	၁၁၄၇	၁၁	၁၅၆၁	၂၂.၄	၂၅.၃	၂၆.၂	၂၄.၅

	ဦးရေ				ရာခိုင်နှုန်း			
	ကျား	မ	အခြား	ပေါင်း	ကျား	မ	အခြား	ပေါင်း
၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀	၃၅၅	၁၀၀၈	၇	၁၃၇၀	၁၉.၈	၂၂.၂	၁၆.၇	၂၁.၅
၂၃၄၀၀၀-၂၀၀၀-၂၄၄၀၀၀	၆၁	၁၇၅	၅	၂၄၁	၃.၄	၃.၉	၁၁.၉	၃.၈
၂၅၂၀၀၀-၂၀၀၀-၂၆၂၀၀၀	၂၄	၄၉	၀	၇၃	၁.၃	၁.၁	၀.၀	၁.၁
၂၇၅၀၀၀-၄၀၀၀-၂၉၅၀၀၀	၁၈၄	၄၈၀	၂	၆၆၆	၁၀.၂	၁၀.၆	၄.၈	၁၀.၄
၃၀၈၀၀၀-၄၀၀၀-၃၂၈၀၀၀	၆၃	၁၅၀	၄	၂၁၇	၃.၅	၃.၃	၉.၅	၃.၄
၃၄၁၀၀၀-၄၀၀၀-၃၆၁၀၀၀	၂၀	၅၈	၂	၈၀	၁.၁	၁.၃	၄.၈	၁.၃
၃၇၄၀၀၀-၄၀၀၀-၃၉၄၀၀၀	၇	၃၁	၁	၃၉	၀.၄	၀.၇	၂.၄	၀.၆
၄၁၈၀၀၀-၄၀၀၀-၄၃၈၀၀၀	၁	၁	၀	၂	၀.၁	၀.၀	၀.၀	၀.၀
၅၅၀၀၀၀	၂	၁	၀	၃	၀.၁	၀.၀	၀.၀	၀.၀
အခြား	၁၅	၄၅	၀	၆၀	၀.၈	၁.၀	၀.၀	၀.၉
စုစုပေါင်း	**၁၇၉၇**	**၄၅၄၂**	**၄၂**	**၆၃၈၁**	**၁၀၀.၀**	**၁၀၀.၀**	**၁၀၀.၀**	**၁၀၀.၀**

ပုံ 4 လစာနှုန်းထားအလိုက် စစ်တမ်းဖြေဆိုသူ ရာခိုင်နှုန်း



စစ်တမ်းဖြေဆိုသူများကို လစာနှုန်းထားအလိုက် လေ့လာကြည့်ရာ အမှုထမ်းဝန်ထမ်း လစာနှုန်းများဖြစ်သည့် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ ရရှိသူ ၂၆.၃% ၊ ၁၉၈၀၀၀-၂၀၀၀-၂၀၈၀၀၀ ရရှိသူ ၂၄.၅% ၊ ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ ရရှိသူ ၂၁.၅% ဖြင့် အများဆုံးပါဝင်သည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။

ဇယား 5 ဝန်ကြီးဌာနအလိုက် စစ်တမ်းဖြေဆိုသူဦးရေနှင့် ရာခိုင်နှုန်း

	ဦးရေ				ရာခိုင်နှုန်း			
	ကျား	မ	အခြား	ပေါင်း	ကျား	မ	အခြား	ပေါင်း
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန	၁၆၂	၆၃၇	၇	၈၀၆	၉.၀	၁၄.၀	၁၆.၇	၁၂.၆
ကာကွယ်ရေးဝန်ကြီးဌာန	၃၀	၃	၀	၃၃	၁.၇	၀.၁	၀.၀	၀.၅
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန	၁၁၉	၂၉၀	၂	၄၁၁	၆.၆	၆.၄	၄.၈	၆.၄
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန	၁၂	၂၄	၀	၃၆	၀.၇	၀.၅	၀.၀	၀.၆
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန	၁၂၄	၃၄၁	၇	၄၇၂	၆.၉	၇.၅	၁၆.၇	၇.၄
ဆောက်လုပ်ရေးဝန်ကြီးဌာန	၁၉	၅၅	၀	၇၄	၁.၁	၁.၂	၀.၀	၁.၂
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန	၃	၁၂	၀	၁၅	၀.၂	၀.၃	၀.၀	၀.၂
နယ်စပ်ရေးရာဝန်ကြီးဌာန	၃	၁၂	၀	၁၅	၀.၂	၀.၃	၀.၀	၀.၂
နိုင်ငံခြားရေးဝန်ကြီးဌာန	၉	၂၄	၀	၃၃	၀.၅	၀.၅	၀.၀	၀.၅
နေပြည်တော်စည်ပင်သာယာရေးကော်မတီ	၇	၅	၀	၁၂	၀.၄	၀.၁	၀.၀	၀.၂
ပညာရေးဝန်ကြီးဌာန	၅၃၀	၂၀၆၃	၁၈	၂၆၁၁	၂၉.၅	၄၅.၄	၄၂.၉	၄၀.၉
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်	၉	၂၂	၀	၃၁	၀.၅	၀.၅	၀.၀	၀.၅
ပြည်ထောင်စုရာထူးဝန်အဖွဲ့	၆	၁၀	၀	၁၆	၀.၃	၀.၂	၀.၀	၀.၃
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန	၁၄	၂၄	၀	၃၈	၀.၈	၀.၅	၀.၀	၀.၆
ပြည်ထဲရေးဝန်ကြီးဌာန	၁၀၅	၂၂	၀	၁၂၇	၅.၈	၀.၅	၀.၀	၂.၀
ပြန်ကြားရေးဝန်ကြီးဌာန	၂၂	၅၉	၁	၈၂	၁.၂	၁.၃	၂.၄	၁.၃
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန	၁၇၆	၉၀	၁	၂၆၇	၉.၈	၂.၀	၂.၄	၄.၂
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ	၇	၁၂	၀	၁၉	၀.၄	၀.၃	၀.၀	၀.၃
မြို့တော်စည်ပင်သာယာရေးကော်မတီ	၃	၄	၀	၇	၀.၂	၀.၁	၀.၀	၀.၁
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီး	၇	၂၃	၀	၃၀	၀.၄	၀.၅	၀.၀	၀.၅
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ	၄	၉	၀	၁၃	၀.၂	၀.၂	၀.၀	၀.၂
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန	၁၂၇	၁၅၆	၀	၂၈၃	၇.၁	၃.၄	၀.၀	၄.၄
လွတ်တော်ရုံး	၆	၁၈	၀	၂၄	၀.၃	၀.၄	၀.၀	၀.၄
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန	၅၄	၁၆၇	၁	၂၂၂	၃.၀	၃.၇	၂.၄	၃.၅
သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန	၆	၁၀	၀	၁၆	၀.၃	၀.၂	၀.၀	၀.၃

	ဦးရေ				ရာခိုင်နှုန်း			
	ကျား	မ	အခြား	ပေါင်း	ကျား	မ	အခြား	ပေါင်း
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန	၉၈	၁၆၇	၀	၂၆၅	၅.၅	၃.၇	၀.၀	၄.၂
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန	၁၇	၂၀	၀	၃၇	၀.၉	၀.၄	၀.၀	၀.၆
ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန	၈	၂၇	၀	၃၅	၀.၄	၀.၆	၀.၀	၀.၅
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်	၂၃	၄၂	၀	၆၅	၁.၃	၀.၉	၀.၀	၁.၀
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန	၈၇	၁၉၄	၅	၂၈၆	၄.၈	၄.၃	၁၁.၉	၄.၅
စုစုပေါင်း	**၁၇၉၇**	**၄၅၄၂**	**၄၂**	**၆၃၈၁**	**၁၀၀.၀**	**၁၀၀.၀**	**၁၀၀.၀**	**၁၀၀.၀**

ပုံ 5 ဝန်ကြီးဌာနအလိုက် စစ်တမ်းဖြေဆိုသူရာခိုင်နှုန်း



စစ်တမ်းဖြေဆိုသူများကို ဝန်ကြီးဌာနအလိုက် လေ့လာကြည့်ရာ ပညာရေးဝန်ကြီးဌာနမှ ဖြေဆိုသူ ၄၀.၉%၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ၁၂.၆%၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ၇.၄% တို့ဖြင့် အများဆုံး ဝင်ရောက်ဖြေဆိုထားသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။

ဇယား 6 တာဝန်ထမ်းဆောင်ခဲ့သည့်ဒေသအလိုက် စစ်တမ်းဖြေဆိုသူ ဦးရေနှင့် ရာခိုင်နှုန်း

	ဦးရေ				ရာခိုင်နှုန်း			
	ကျား	မ	အခြား	ပေါင်း	ကျား	မ	အခြား	ပေါင်း
ကချင်ပြည်နယ်	၆၆	၁၆၉	၂	၂၃၇	၃.၇	၃.၇	၄.၈	၃.၇
ကယားပြည်နယ်	၅၀	၁၆၃	၀	၂၁၃	၂.၈	၃.၆	၀.၀	၃.၃
ကရင်ပြည်နယ်	၄၃	၁၃၅	၃	၁၈၁	၂.၄	၃.၀	၇.၁	၂.၈
ချင်းပြည်နယ်	၁၄၀	၁၆၈	၁	၃၀၉	၇.၈	၃.၇	၂.၄	၄.၈
စစ်ကိုင်းတိုင်းဒေသကြီး	၁၀၈	၂၂၈	၁	၃၃၇	၆.၀	၅.၀	၂.၄	၅.၃
တနင်္သာရီတိုင်းဒေသကြီး	၇၀	၂၀၅	၁	၂၇၆	၃.၉	၄.၅	၂.၄	၄.၃
ပဲခူးတိုင်းဒေသကြီး	၁၅၄	၃၂၃	၂	၄၇၉	၈.၆	၇.၁	၄.၈	၇.၅
မကွေးတိုင်းဒေသကြီး	၁၆၀	၄၃၉	၈	၆၀၇	၈.၉	၉.၇	၁၉.၀	၉.၅
မန္တလေးတိုင်းဒေသကြီး	၁၆၇	၄၆၆	၄	၆၃၇	၉.၃	၁၀.၃	၉.၅	၁၀.၀
မွန်ပြည်နယ်	၃၉	၁၄၆	၀	၁၈၅	၂.၂	၃.၂	၀.၀	၂.၉
ရခိုင်ပြည်နယ်	၆	၆	၀	၁၂	၀.၃	၀.၁	၀.၀	၀.၂
ရန်ကုန်တိုင်းဒေသကြီး	၃၄၀	၈၃၆	၇	၁၁၈၃	၁၈.၉	၁၈.၄	၁၆.၇	၁၈.၅
ရှမ်းပြည်နယ်	၁၁၆	၄၃၅	၄	၅၅၅	၆.၅	၉.၆	၉.၅	၈.၇
ဧရာဝတီတိုင်းဒေသကြီး	၁၁၉	၂၈၉	၂	၄၁၀	၆.၆	၆.၄	၄.၈	၆.၄
နေပြည်တော်	၂၁၉	၅၃၄	၇	၇၆၀	၁၂.၂	၁၁.၈	၁၆.၇	၁၁.၉
စုစုပေါင်း	**၁၇၉၇**	**၄၅၄၂**	**၄၂**	**၆၃၈၁**	**၁၀၀.၀**	**၁၀၀.၀**	**၁၀၀.၀**	**၁၀၀.၀**

ပုံ 6 တာဝန်ထမ်းဆောင်ခဲ့သည့်ဒေသအလိုက် စစ်တမ်းဖြေဆိုသူ ရာခိုင်နှုန်း



စစ်တမ်းဖြေဆိုသူများကို တာဝန်ထမ်းဆောင်ခဲ့သည့် ဒေသအလိုက် လေ့လာကြည့်ရာ ရန်ကုန်တိုင်းဒေသကြီးတွင် တာဝန်ထမ်းဆောင်ခဲ့သူ ၁၈.၅%၊ နေပြည်တော်တွင် တာဝန်ထမ်းဆောင်ခဲ့သူ ၁၁.၉%၊ မန္တလေးတိုင်းဒေသကြီးတွင် တာဝန်ထမ်းဆောင်ခဲ့သူ ၁၀.၀% တို့ဖြင့် အများဆုံးဖြစ်သည်ကို တွေ့ရှိရပါသည်။

လက်ရှိနေထိုင်မှုအခြေအနေအလိုက်လေ့လာချက်

ဇယား 7 လက်ရှိ ပြည်တွင်း/ပြည်ပတွင် နေထိုင်မှုအခြေအနေ

	ဦးရေ				ရာခိုင်နှုန်း			
	ကျား	မ	အခြား	ပေါင်း	ကျား	မ	အခြား	ပေါင်း
ပြည်တွင်းရှိနေထိုင်	၁၆၀၀	၄၃၀၉	၄၁	၅၉၅၀	၈၉.၀	၉၄.၉	၉၇.၆	၉၃.၂
ပြည်ပရှိနေထိုင်	၁၉၇	၂၃၃	၁	၄၃၁	၁၁.၀	၅.၁	၂.၄	၆.၈
စုစုပေါင်း	**၁၇၉၇**	**၄၅၄၂**	**၄၂**	**၆၃၈၁**	**၁၀၀.၀**	**၁၀၀.၀**	**၁၀၀.၀**	**၁၀၀.၀**

ပုံ 7 ပြည်တွင်း/ပြည်ပ နေထိုင်မှုရာခိုင်နှုန်း



စစ်တမ်းဖြေဆိုသူများ၏ ပြည်တွင်း/ပြည်ပ နေထိုင်မှုအခြေအနေကို လေ့လာကြည့်ရာ အများစု ၉၃.၂% သည် ပြည်တွင်းရှိသော နေထိုင်လျက်ရှိသည်ကိုတွေ့ရှိရမည်ဖြစ်သည်။

ဇယား 8 တိုင်းဒေသကြီး/ပြည်နယ်အလိုက် နေထိုင်မှုအခြေအနေ

	ဦးရေ				ရာခိုင်နှုန်း			
	ကျား	မ	အခြား	ပေါင်း	ကျား	မ	အခြား	ပေါင်း
ကချင်ပြည်နယ်	၆၈	၁၇၇	၂	၂၄၇	၄.၃	၄.၁	၅.၀	၄.၂
ကယားပြည်နယ်	၃၆	၁၂၂	၀	၁၅၈	၂.၃	၂.၈	၀.၀	၂.၇
ကရင်ပြည်နယ်	၅၀	၁၀၁	၂	၁၅၃	၃.၁	၂.၄	၅.၀	၂.၆
ချင်းပြည်နယ်	၃၈	၅၂	၁	၉၁	၂.၄	၁.၂	၂.၅	၁.၅
စစ်ကိုင်းတိုင်းဒေသကြီး	၁၂၁	၂၉၁	၂	၄၁၄	၇.၆	၆.၈	၅.၀	၇.၀
တနင်္သာရီတိုင်းဒေသကြီး	၃၉	၁၇၀	၁	၂၁၀	၂.၄	၄.၀	၂.၅	၃.၅
ပဲခူးတိုင်းဒေသကြီး	၁၄၇	၃၄၂	၂	၄၉၁	၉.၂	၈.၀	၅.၀	၈.၃

	ဦးရေ				ရာခိုင်နှုန်း			
	ကျား	မ	အခြား	ပေါင်း	ကျား	မ	အခြား	ပေါင်း
မကွေးတိုင်းဒေသကြီး	၂၄၅	၅၈၀	၁၁	၈၃၆	၁၅.၄	၁၃.၅	၂၇.၅	၁၄.၁
မန္တလေးတိုင်းဒေသကြီး	၁၉၆	၅၆၄	၅	၇၆၅	၁၂.၃	၁၃.၁	၁၂.၅	၁၂.၉
မွန်ပြည်နယ်	၄၀	၁၅၂	၀	၁၉၂	၂.၅	၃.၅	၀.၀	၃.၂
ရခိုင်ပြည်နယ်	၅	၄	၀	၉	၀.၃	၀.၁	၀.၀	၀.၂
ရန်ကုန်တိုင်းဒေသကြီး	၃၂၆	၉၄၀	၇	၁၂၇၃	၂၀.၄	၂၁.၉	၁၇.၅	၂၁.၅
ရှမ်းပြည်နယ်	၁၁၄	၄၁၄	၂	၅၃၀	၇.၁	၉.၇	၅.၀	၈.၉
ဧရာဝတီတိုင်းဒေသကြီး	၁၀၆	၂၃၇	၄	၃၄၇	၆.၆	၅.၅	၁၀.၀	၅.၉
နေပြည်တော်	၆၄	၁၄၄	၁	၂၀၉	၄.၀	၃.၄	၂.၅	၃.၅
စုစုပေါင်း	**၁၅၉၅**	**၄၂၉၀**	**၄၀**	**၅၉၂၅**	**၁၀၀.၀**	**၁၀၀.၀**	**၁၀၀.၀**	**၁၀၀.၀**

ပုံ 8 လက်ရှိနေထိုင်ရာဒေသအလိုက် ဖြေဆိုသူရာခိုင်နှုန်း



ပြည်တွင်းနေထိုင်သူများအနက် လက်ရှိနေထိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ကို ဖြေဆိုသူများ၏ အခြေအနေကို လေ့လာကြည့်ရာ လက်ရှိ ရန်ကုန်တိုင်းဒေသကြီးတွင် နေထိုင်လျက်ရှိသူ ၁၂၇၃ ဦး (၂၁.၅%) ဖြင့် အများဆုံးဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်ပြီး၊ မကွေးတိုင်းတွင် ၁၄.၁% ဖြင့် ဒုတိယအများဆုံး၊ မန္တလေးတိုင်းဒေသကြီးတွင် ၁၂.၉% ဖြင့် တတိယအများဆုံး ဖြစ်သည်ကို တွေ့ရှိရပါသည်။

ဇယား 9 ရောက်ရှိရာနိုင်ငံအလိုက် ဖြေဆိုသူ ဦးရေနှင့် ရာခိုင်နှုန်း

	ဦးရေ				ရာခိုင်နှုန်း			
	ကျား	မ	အခြား	ပေါင်း	ကျား	မ	အခြား	ပေါင်း
ထိုင်းနိုင်ငံ	၁၁၇	၁၄၄	၁	၂၆၂	၅၉.၄	၆၁.၈	၁၀၀.၀	၆၀.၈
အိန္ဒိယနိုင်ငံ	၇၄	၇၄	၀	၁၄၈	၃၇.၆	၃၁.၈	၀.၀	၃၄.၃
မလေးရှားနိုင်ငံ	၃	၄	၀	၇	၁.၅	၁.၇	၀.၀	၁.၆
တောင်ကိုရီးယားနိုင်ငံ	၁	၂	၀	၃	၀.၅	၀.၉	၀.၀	၀.၇
စကင်္ဘူနိုင်ငံ	၀	၃	၀	၃	၀.၀	၁.၃	၀.၀	၀.၇
ဂျပန်နိုင်ငံ	၀	၂	၀	၂	၀.၀	၀.၉	၀.၀	၀.၅
ဩစတေးလျနိုင်ငံ	၀	၁	၀	၁	၀.၀	၀.၄	၀.၀	၀.၂
အမေရိကနိုင်ငံ	၀	၁	၀	၁	၀.၀	၀.၄	၀.၀	၀.၂
အစ္စရေးနိုင်ငံ	၁	၀	၀	၁	၀.၅	၀.၀	၀.၀	၀.၂
လာအိုနိုင်ငံ	၁	၀	၀	၁	၀.၅	၀.၀	၀.၀	၀.၂
နော်ဝေးနိုင်ငံ	၀	၁	၀	၁	၀.၀	၀.၄	၀.၀	၀.၂
ဂျာမနီနိုင်ငံ	၀	၁	၀	၁	၀.၀	၀.၄	၀.၀	၀.၂
စုစုပေါင်း	၁၉၇	၂၃၃	၁	၄၃၁	၁၀၀.၀	၁၀၀.၀	၁၀၀.၀	၁၀၀.၀

ပုံ 9 ရောက်ရှိရာ နိုင်ငံအလိုက် ဖြေဆိုသူ ရာခိုင်နှုန်း



ပြည်ပတွင်ရောက်ရှိနေသူ ၄၃၁ ဦးကို ရောက်ရှိရာနိုင်ငံအလိုက် လေ့လာကြည့်ရာ အများစု ၆၀.၈% သည် ထိုင်းနိုင်ငံတွင် ရောက်ရှိနေသည်ကိုတွေ့ရှိရမည်ဖြစ်ပြီး၊ ဒုတိယအများဆုံးအဖြစ် အိန္ဒိယနိုင်ငံတွင် ၃၄.၃% ရောက်ရှိလျက်ရှိသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။

အိမ်ထောင်ရေး၊ နေထိုင်မှုနှင့် အခက်အခဲအခြေအနေအလိုက် လေ့လာချက်

ဇယား 10 အိမ်ထောင်ရေးအခြေအနေအလိုက် စစ်တမ်းဖြေဆိုသူ ဦးရေနှင့် ရာခိုင်နှုန်း

	ဦးရေ				ရာခိုင်နှုန်း			
	ကျား	မ	အခြား	ပေါင်း	ကျား	မ	အခြား	ပေါင်း
လူပျို/အပျို	၇၆၄	၂၃၆၇	၂၁	၃၁၅၂	၄၂.၅	၅၂.၁	၅၀.၀	၄၉.၄
အိမ်ထောင်ရှိ	၁၀၀၃	၁၈၈၈	၁၇	၂၉၀၈	၅၅.၈	၄၁.၆	၄၀.၅	၄၅.၆
ကွာရှင်း	၂၆	၁၅၇	၂	၁၈၅	၁.၄	၃.၅	၄.၈	၂.၉
မုဆိုးဖို/မုဆိုးမ	၄	၁၃၀	၂	၁၃၆	၀.၂	၂.၉	၄.၈	၂.၁
စုစုပေါင်း	**၁၇၉၇**	**၄၅၄၂**	**၄၂**	**၆၃၈၁**	**၁၀၀.၀**	**၁၀၀.၀**	**၁၀၀.၀**	**၁၀၀.၀**

ပုံ 10 အိမ်ထောင်ရေးအခြေအနေအလိုက် စစ်တမ်းဖြေဆိုသူရာခိုင်နှုန်း



စစ်တမ်းဖြေဆိုသူများ၏ အိမ်ထောင်ရေးအခြေအနေကို လေ့လာကြည့်ရာ လူပျို/အပျို ၄၉.၄%၊ အိမ်ထောင်ရှိသူ ၄၅.၆%၊ ကွာရှင်း ၂.၉% နှင့် မုဆိုးဖို/မုဆိုးမ ၂.၁% ဖြစ်ကြောင်း တွေ့ရှိရပါသည်။

ဇယား 11 စစ်တမ်းဖြေဆိုသူ၏ ဇနီး/ခင်ပွန်းသည် CDM ဝန်ထမ်း ဟုတ်/မဟုတ် ဦးရေနှင့် ရာခိုင်နှုန်း

	ဦးရေ				ရာခိုင်နှုန်း			
	ကျား	မ	အခြား	ပေါင်း	ကျား	မ	အခြား	ပေါင်း
CDM ဟုတ်ပါသည်	၄၂၉	၄၃၃	၁၀	၈၇၂	၄၂.၈	၂၂.၉	၅၈.၈	၃၀.၀
CDM မဟုတ်ပါ	၅၇၄	၁၄၅၅	၇	၂၀၃၆	၅၇.၂	၇၇.၁	၄၁.၂	၇၀.၀
စုစုပေါင်း	**၁၀၀၃**	**၁၈၈၈**	**၁၇**	**၂၉၀၈**	**၁၀၀.၀**	**၁၀၀.၀**	**၁၀၀.၀**	**၁၀၀.၀**

ပုံ 11 ဧနီး/ခင်ပွန်းများတွင် CDM ဝန်ထမ်းပါဝင်မှုရာခိုင်နှုန်း



စစ်တမ်းဖြေဆိုခဲ့ကြသည့် အိမ်ထောင်ရှိသူ CDM ဝန်ထမ်း ၂၉၈၈ ဦးအနက် ၈၇၂ ဦး (၃၀.၀%) ၏ ဧနီး/ခင်ပွန်းတို့သည်လည်း CDM ဝန်ထမ်းများ ဖြစ်သည်ကို တွေ့ရှိရပါသည်။

ဇယား 12 ဧနီး/ခင်ပွန်း၏ အလုပ်အကိုင်အခြေအနေ

	ဦးရေ				ရာခိုင်နှုန်း			
	ကျား	မ	အခြား	ပေါင်း	ကျား	မ	အခြား	ပေါင်း
လခစားအလုပ်သမား	၂၄၂	၆၆၇	၆	၉၁၅	၂၅.၆	၃၆.၆	၄၆.၂	၃၂.၉
ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူ	၆၇	၃၈၄	၃	၄၅၄	၇.၁	၂၁.၁	၂၃.၁	၁၆.၃
အလုပ်အကိုင်မရှိ	၆၃၇	၇၇၂	၄	၁၄၁၃	၆၇.၃	၄၂.၃	၃၀.၈	၅၀.၈
စုစုပေါင်း	**၉၄၆**	**၁၈၂၃**	**၁၃**	**၂၇၈၂**	**၁၀၀.၀**	**၁၀၀.၀**	**၁၀၀.၀**	**၁၀၀.၀**

ပုံ 12 ဧနီး/ခင်ပွန်း၏ အလုပ်အကိုင်အခြေအနေအလိုက် ရာခိုင်နှုန်း



အိမ်ထောင်ရှိသူ ၂၉၀၈ ဦးရှိသည့်အနက် ၎င်းတို့ ဇနီး/ခင်ပွန်း၏ အလုပ်အကိုင်အခြေအနေကို ဖြေဆိုသူ ၂၇၈၂ ဦးရှိရာ၊ ဖြေဆိုသူ ၃၂.၉% ၏ဇနီး/ခင်ပွန်းများသည် လခစားအလုပ်သမား အဖြစ် လည်းကောင်း၊ ၁၆.၃% သည် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူအဖြစ်လည်းကောင်း ဝင်ငွေရအလုပ်အကိုင်များကို လုပ်ကိုင်လျက်ရှိသော်လည်း၊ ၅၀.၈% ၏ ဇနီး/ခင်ပွန်းတို့သည် ဝင်ငွေရအလုပ်အကိုင်မရှိကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။

ဇယား 13 မှီခိုသူအရေအတွက်အလိုက် ဖြေဆိုသူဦးရေနှင့် ရာခိုင်နှုန်း

	ဦးရေ				ရာခိုင်နှုန်း			
	ကျား	မ	အခြား	ပေါင်း	ကျား	မ	အခြား	ပေါင်း
တစ်ဦး	၁၀၃	၂၅၉	၃	၃၆၅	၆.၅	၆.၂	၈.၃	၆.၃
နှစ်ဦး	၃၀၅	၇၈၅	၆	၁၀၉၆	၁၉.၁	၁၈.၈	၁၆.၇	၁၈.၉
သုံးဦး	၄၃၈	၁၀၅၈	၁၀	၁၅၀၆	၂၇.၅	၂၅.၃	၂၇.၈	၂၅.၉
လေးဦး	၂၉၈	၈၁၀	၇	၁၁၁၅	၁၈.၇	၁၉.၄	၁၉.၄	၁၉.၂
ငါးဦး	၂၃၂	၆၃၈	၄	၈၇၄	၁၄.၆	၁၅.၂	၁၁.၁	၁၅.၀
ခြောက်ဦး	၁၀၉	၃၂၂	၃	၄၃၄	၆.၈	၇.၇	၈.၃	၇.၅
ခုနစ်ဦး	၅၃	၁၅၁	၂	၂၀၆	၃.၃	၃.၆	၅.၆	၃.၅
ရှစ်ဦးနှင့်အထက်	၅၅	၁၆၁	၁	၂၁၇	၃.၅	၃.၈	၂.၈	၃.၇
စုစုပေါင်း	၁၅၉၃	၄၁၈၄	၃၆	၅၈၁၃	၁၀၀.၀	၁၀၀.၀	၁၀၀.၀	၁၀၀.၀
ပျမ်းမျှမှီခိုဦးရေ	**၃.၇**	**၃.၈**	**၃.၇**	**၃.၈**	x	x	x	x

ပုံ 13 မှီခိုသူဦးရေအလိုက် စစ်တမ်းဖြေဆိုသူရာခိုင်နှုန်း



စစ်တမ်းဖြေဆိုသူ CDM ဝန်ထမ်းများပေါ်တွင် မှီခိုနေသူဦးရေအလိုက် လေ့လာကြည့်ရာ မှီခိုသူ သုံးဦးရှိသူ ၂၅.၉%၊ မှီခိုလေးဦးရှိသူ ၁၉.၂%၊ မှီခိုသူ နှစ်ဦးရှိသူ ၁၈.၉%၊ မှီခိုသူ ငါးဦးရှိသူ ၁၅.၀% တို့ဖြင့် အများဆုံးဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်ပြီး၊ စစ်တမ်းဖြေဆိုသူ CDM ဝန်ထမ်းတစ်ဦးတွင် ပျမ်းမျှမှီခိုသူ ၄ ဦးခန့်ရှိသည်ကို တွေ့ရှိရမည် ဖြစ်ပါသည်။

ဇယား 14 လက်ရှိနေထိုင်ရာ နေအိမ်ပိုင်ဆိုင်မှုအခြေအနေအလိုက် ဖြေဆိုသူဦးရေနှင့် ရာခိုင်နှုန်း

	ဦးရေ				ရာခိုင်နှုန်း			
	ကျား	မ	အခြား	ပေါင်း	ကျား	မ	အခြား	ပေါင်း
ကိုယ်ပိုင်အိမ်	၇၀၂	၂၄၄၆	၂၀	၃၁၆၈	၃၉.၄	၅၄.၂	၄၈.၈	၅၀.၀
အငှား	၆၁၆	၁၀၉၃	၁၂	၁၇၂၁	၃၄.၆	၂၄.၂	၂၉.၃	၂၇.၂
အခမဲ့အိမ်ယာ	၄၆၃	၉၇၀	၉	၁၄၄၂	၂၆.၀	၂၁.၅	၂၂.၀	၂၂.၈
စုစုပေါင်း	**၁၇၈၁**	**၄၅၀၉**	**၄၁**	**၆၃၃၁**	**၁၀၀.၀**	**၁၀၀.၀**	**၁၀၀.၀**	**၁၀၀.၀**

ပုံ 14 လက်ရှိနေထိုင် နေအိမ်ပိုင်ဆိုင်မှု ရာခိုင်နှုန်း



စစ်တမ်းဖြေဆိုသူများ၏ လက်ရှိနေထိုင်ရာ နေအိမ်ပိုင်ဆိုင်မှုအခြေအနေကို လေ့လာကြည့်ရာ ဖြေဆိုသူ ၅၀% သည် ကိုယ်ပိုင်အိမ်တွင် နေထိုင်လျက်ရှိသည်ကို တွေ့ရှိရပြီး၊ ၂၇% သည် အငှားအိမ်ယာတွင် လည်းကောင်း၊ ၂၃% သည် အခမဲ့အိမ်ယာ (ဆွေမျိုးအိမ်၊ ဝန်ထမ်းအိမ်ယာ၊ ဘုန်းကြီးကျောင်း၊ စစ်ဘေးရှောင်စခန်း အစရှိသည့် အခမဲ့နေထိုင်ခွင့်ရာအိမ်ယာ) တွင်နေထိုင်လျက်ရှိသည်ကိုတွေ့ရှိရပါသည်။

ဇယား 15 အထောက်အပံ့ရရှိမှုအခြေအနေအလိုက် စစ်တမ်းဖြေဆိုသူ ဦးရေနှင့် ရာနှိုင်နှုန်း

	ဦးရေ				ရာခိုင်နှုန်း			
	ကျား	မ	အခြား	ပေါင်း	ကျား	မ	အခြား	ပေါင်း
လစဉ်ပုံမှန်အထောက်အပံ့ရရှိ	၅၄	၁၀၃	၁	၁၅၈	၃.၀	၂.၃	၂.၄	၂.၅
ပုံမှန်မရှိ	၈၇၄	၂၀၃၅	၁၆	၂၉၂၅	၄၈.၆	၄၄.၈	၃၈.၁	၄၅.၈
မည်သည့်အထောက်အပံ့မှမရရှိခဲ့ပါ	၈၆၉	၂၄၀၄	၂၅	၃၂၉၈	၄၈.၄	၅၂.၉	၅၉.၅	၅၁.၇
စုစုပေါင်း	**၁၇၉၇**	**၄၅၄၂**	**၄၂**	**၆၃၈၁**	**၁၀၀.၀**	**၁၀၀.၀**	**၁၀၀.၀**	**၁၀၀.၀**

ပုံ 15 အထောက်အပံ့ရရှိမှုအခြေအနေအလိုက် ဖြေဆိုသူရာခိုင်နှုန်း



စစ်တမ်းဖြေဆိုသူများ၏ အထောက်အပံ့ရရှိမှုအခြေအနေကို လေ့လာကြည့်ရာ ၅၂% ခန့်သည် မည်သည့် အထောက်အပံ့မျှ မရရှိကြောင်းတွေ့ရှိရပြီး၊ အထောက်အပံ့ရှိသော်လည်း ပုံမှန်ရရှိခြင်းမရှိသူ ၄၆% နှင့် လစဉ်ပုံမှန်အထောက်အပံ့ရရှိသူ ၂% ကျော်သာရှိသည်ကို တွေ့ရှိရပါသည်။

ဇယား 16 အထောက်အပံ့ရရှိမှုပမာဏအလိုက် စစ်တမ်းဖြေဆိုသူ ဦးရေနှင့် ရာခိုင်နှုန်း

	ဦးရေ				ရာခိုင်နှုန်း			
	ကျား	မ	အခြား	ပေါင်း	ကျား	မ	အခြား	ပေါင်း
တစ်သိန်းအောက်	၂၀၂	၄၀၂	၄	၆၀၈	၂၄.၃	၂၁.၁	၂၈.၆	၂၂.၁
တစ်သိန်းမှ နှစ်သိန်းအောက်	၁၈၀	၄၇၂	၂	၆၅၄	၂၁.၆	၂၄.၈	၁၄.၃	၂၃.၈
နှစ်သိမ်းမှ သုံးသိန်းအောက်	၁၄၇	၃၆၉	၂	၅၁၈	၁၇.၇	၁၉.၄	၁၄.၃	၁၈.၈
သုံးသိန်းမှ လေးသိန်းအောက်	၁၂၅	၂၅၉	၂	၃၈၆	၁၅.၀	၁၃.၆	၁၄.၃	၁၄.၀
လေးသိန်းမှ ငါးသိန်းအောက်	၅၁	၁၀၂	၁	၁၅၄	၆.၁	၅.၄	၇.၁	၅.၆
ငါးသိန်းမှ ခြောက်သိန်းအောက်	၆၀	၁၂၄	၁	၁၈၅	၇.၂	၆.၅	၇.၁	၆.၇
ခြောက်သိန်းမှ ခုနစ်သိန်းအောက်	၂၃	၄၆	၁	၇၀	၂.၈	၂.၄	၇.၁	၂.၅
ခုနစ်သိန်းနှင့်အထက်	၄၄	၁၂၉	၁	၁၇၄	၅.၃	၆.၈	၇.၁	၆.၃
စုစုပေါင်း	**၈၃၂**	**၁၉၀၃**	**၁၄**	**၂၇၄၉**	**၁၀၀.၀**	**၁၀၀.၀**	**၁၀၀.၀**	**၁၀၀.၀**
ပျမ်းမျှအထောက်အပံ့ (သိန်း)	**၂.၅၉**	**၂.၅၈**	**၂.၈၁**	**၂.၅၈**	**x**	**x**	**x**	**x**

ပုံ 16 အထောက်အပံ့ရရှိမှုပမာဏအလိုက် စစ်တမ်းဖြေဆိုသူရာခိုင်နှုန်း



စစ်တမ်းဖြေဆိုသူများအနက် တော်လှန်ရေးကာလအတွင် အထောက်အပံ့ရရှိသည့် ပျမ်းမျှ ငွေပမာဏကို ဖြေဆိုသူ ၂၇၄၉ ဦးတွင် ငွေကျပ် တစ်သိန်းအောက်ရရှိသူ ၂၂.၁%၊ တစ်သိန်းမှ နှစ်သိန်း အောက်ရရှိသူ ၂၃.၈%၊ နှစ်သိန်းမှ သုံးသိန်းအောက်ရရှိသူ ၁၈.၈% နှင့် သုံးသိန်းမှ လေးသိန်းအောက် ရရှိသူ ၁၄.၀% ဖြင့် အများဆုံးဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်ပြီး၊ ပျမ်မျှအားဖြင့် တော်လှန်ရေးကာလအတွင်း အထောက်အပံ့ရရှိမှုသည် တစ်ဦးလျှင် ၂.၅၈ သိန်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

ဇယား 17 အဓိကကြုံတွေ့နေရသည့်အခက်အခဲအလိုက် စစ်တမ်းဖြေဆိုသူဦးရေနှင့် ရာခိုင်နှုန်း

	ဦးရေ				ရာခိုင်နှုန်း			
	ကျား	မ	အခြား	ပေါင်း	ကျား	မ	အခြား	ပေါင်း
လုံခြုံရေးအခြေအနေ	၁၃၀	၃၂၃	၅	၄၅၈	၇.၂	၇.၁	၁၁.၉	၇.၂
ငွေကြေးအခက်အခဲ	၁၃၇၀	၃၃၆၉	၃၂	၄၇၇၁	၇၆.၂	၇၄.၂	၇၆.၂	၇၄.၈
ဝန်ထမ်းချေးငွေဆပ်ရန်	၆၂	၁၉၁	၃	၂၅၆	၃.၅	၄.၂	၇.၁	၄.၀
ကျန်းမာရေးအခက်အခဲ	၆၀	၁၆၁	၁	၂၂၂	၃.၃	၃.၅	၂.၄	၃.၅
အခြား	၈၅	၂၀၃	၀	၂၈၈	၄.၇	၄.၅	၀.၀	၄.၅
မရှိပါ	၉၀	၂၉၅	၁	၃၈၆	၅.၀	၆.၅	၂.၄	၆.၀
စုစုပေါင်း	**၁၇၉၇**	**၄၅၄၂**	**၄၂**	**၆၃၈၁**	**၁၀၀.၀**	**၁၀၀.၀**	**၁၀၀.၀**	**၁၀၀.၀**

ပုံ 17 အဓိကကြုံတွေ့နေရသည့်အခက်အခဲအလိုက် စစ်တမ်းဖြေဆိုသူရာခိုင်နှုန်း



စစ်တမ်းဖြေဆိုသူများကို ၎င်းတို့ကြုံတွေ့နေရသည့် အဓိကအခက်အခဲ အခြေအနေအလိုက် လေ့လာကြည့်မည်ဆိုပါက ငွေကြေးအခက်အခဲရှိသူ ၇၄.၈% ဖြင့် အမြင့်မားဆုံးဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်ပြီး၊ လုံခြုံရေးအခက်အခဲရှိသူ ၇.၂%၊ ဝန်ထမ်းချေးငွေဆပ်ရန်အခက်အခဲရှိသူ ၄.၀%၊ ကျန်းမာရေးအခက်အခဲရှိသူ ၃.၅%၊ အခြားအခက်အခဲရှိသူ ၄.၅% နှင့် အခက်အခဲမရှိကြောင်းဖြေဆိုသူ ၆.၀% ဖြစ်ကြောင်း တွေ့ရှိရပါသည်။

စစ်တမ်းဖြေဆိုသူများ၏ အလုပ်အကိုင်လေ့လာချက်

ဇယား 18 အလုပ်အကိုင်အခြေအနေအလိုက် စစ်တမ်းဖြေဆိုသူ ဦးရေနှင့် ရာခိုင်နှုန်း

	ဦးရေ				ရာခိုင်နှုန်း			
	ကျား	မ	အခြား	ပေါင်း	ကျား	မ	အခြား	ပေါင်း
လခစားအလုပ် ဝင်ရောက်လုပ်ကိုင်လျက်ရှိ	၁၉၉	၄၀၆	၂	၆၀၇	၁၁.၁	၈.၉	၄.၈	၉.၅
နေ့စား	၄၉	၆၀	၁	၁၁၀	၂၄.၆	၁၄.၈	၅၀.၀	၁၈.၁
ယာယီ	၄၀	၇၃	၀	၁၁၃	၂၀.၁	၁၈.၀	၀.၀	၁၈.၆
အချိန်ပိုင်း	၂၇	၈၉	၁	၁၁၇	၁၃.၆	၂၁.၉	၅၀.၀	၁၉.၃
အချိန်ပြည့်	၈၃	၁၈၄	၀	၂၆၇	၄၁.၇	၄၅.၃	၀.၀	၄၄.၀
ကိုယ်ပိုင်ဝင်ငွေရအလုပ် လုပ်ကိုင်လျက်ရှိ	၂၆၈	၆၉၉	၅	၉၇၂	၁၄.၉	၁၅.၄	၁၁.၉	၁၅.၂
ဝင်ငွေရ အလုပ်အကိုင် မရှိပါ	၁၃၃၀	၃၄၃၇	၃၅	၄၈၀၂	၇၄.၀	၇၅.၇	၈၃.၃	၇၅.၃
စုစုပေါင်း	**၁၇၉၇**	**၄၅၄၂**	**၄၂**	**၆၃၈၁**	**၁၀၀.၀**	**၁၀၀.၀**	**၁၀၀.၀**	**၁၀၀.၀**

ပုံ 18 အလုပ်အကိုင်အခြေအနေအလိုက် စစ်တမ်းဖြေဆိုသူရာခိုင်နှုန်း



စစ်တမ်းဖြေဆိုသူ CDM ဝန်ထမ်းများ၏ လက်ရှိ အလုပ်အကိုင်အခြေအနေကို လေ့လာကြည့်ရာ ဖြေဆိုသူ ဝန်ထမ်း ၆၃၁ ဦး၏ ၂၅% ခန့်သာ ဝင်ငွေရအလုပ် လုပ်ကိုင်လျက်ရှိရာ လုပ်ခရအလုပ် လုပ်ကိုင်သူ ၉.၅%၊ ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်လျက်ရှိသူ ၁၅.၂% ရှိကြောင်း တွေ့ရှိရပြီး၊ ကျန် ၇၅% ကျော်သည် ဝင်ငွေရအလုပ်အကိုင် မရှိသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

လုပ်ခလစာရအလုပ် လုပ်ကိုင်နေသူများ၏ အလုပ်လုပ်ကိုင်ရသည့်ပုံစံကို လေ့လာကြည့်ရာ အများစု ၄၄% သည် အချိန်ပြည့်ဝန်ထမ်းအဖြစ် လုပ်ကိုင်နေသည်ကိုတွေ့ရှိရမည်ဖြစ်ပြီး၊ အချိန်ပိုင်း ၁၉.၃%၊ ယာယီ ၁၈.၆% နှင့် နေ့စား ၁၈.၁% ဝင်ရောက်လုပ်ကိုင်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

ဇယား 19 အလုပ်အကိုင်အမျိုးအစားအလိုက် အလုပ်လုပ်ကိုင်နေသူ ဦးရေနှင့် ရာခိုင်နှုန်း

	ဦးရေ				ရာခိုင်နှုန်း			
	ကျား	မ	အခြား	ပေါင်း	ကျား	မ	အခြား	ပေါင်း
မန်နေဂျာ	၂၈	၆၈	၀	၉၆	၆.၀	၆.၂	၀.၀	၆.၁
အတတ်ပညာရှင်	၁၂၃	၄၃၆	၂	၅၆၁	၂၆.၃	၃၉.၅	၂၈.၆	၃၅.၅
နည်းပညာရှင်နှင့် ဆက်စပ်အတတ်ပညာရှင်	၅၇	၉၄	၁	၁၅၂	၁၂.၂	၈.၅	၁၄.၃	၉.၆
ရုံးလုပ်ငန်းဆိုင်ရာ ထောက်ပံ့ရေး အလုပ်သမား	၂၁	၄၆	၀	၆၇	၄.၅	၄.၂	၀.၀	၄.၂
ဝန်ဆောင်မှုနှင့် အရောင်းလုပ်သားများ	၆၇	၂၀၆	၂	၂၇၅	၁၄.၃	၁၈.၆	၂၈.၆	၁၇.၄
စိုက်ပျိုးရေး၊ သစ်တောနှင့် ရေလုပ်သား	၂၀	၂၅	၀	၄၅	၄.၃	၂.၃	၀.၀	၂.၈
လက်မှုနှင့်ဆက်စပ်လုပ်သား	၅၂	၆၅	၀	၁၁၇	၁၁.၁	၅.၉	၀.၀	၇.၄
စက်ရုံအော်ပရေတာနှင့် စက်ပစ္စည်းမောင်းနှင်သူ	၂၉	၃	၁	၃၃	၆.၂	၀.၃	၁၄.၃	၂.၁

	ဦးရေ				ရာခိုင်နှုန်း			
	ကျား	မ	အခြား	ပေါင်း	ကျား	မ	အခြား	ပေါင်း
အထွေထွေလုပ်သား	၂၀	၂၀	၀	၄၀	၄.၃	၁.၈	၀.၀	၂.၅
အခြား	၅၀	၁၄၂	၁	၁၉၃	၁၀.၇	၁၂.၉	၁၄.၃	၁၂.၂
စုစုပေါင်း	**၄၆၇**	**၁၁၀၅**	**၇**	**၁၅၇၉**	**၁၀၀.၀**	**၁၀၀.၀**	**၁၀၀.၀**	**၁၀၀.၀**

ပုံ 19 အလုပ်အကိုင်အမျိုးအစားအလိုက် အလုပ်လုပ်သူရာခိုင်နှုန်း



အလုပ်လုပ်ကိုင်လျက်ရှိသူ CDM ဝန်ထမ်း ၁၅၇၉ ဦးကို အလုပ်အကိုင်အမျိုးအစားအလိုက် လေ့လာကြည့်ရာ အတတ်ပညာရှင်အဖြစ် လုပ်ကိုင်လျက်ရှိသူ ၃၅.၅%၊ ဝန်ဆောင်မှုနှင့် အရောင်းလုပ်သားများအဖြစ် လုပ်ကိုင်လျက်ရှိသူ ၁၇.၄% တို့ဖြင့် အများဆုံး လုပ်ကိုင်လျက်ရှိသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။

ဇယား 20 အလုပ်အကိုင်အခြေအနေအလိုက် စစ်တမ်းဖြေဆိုသူ ဦးရေနှင့် ရာခိုင်နှုန်း

	ဦးရေ				ရာခိုင်နှုန်း			
	ကျား	မ	အခြား	ပေါင်း	ကျား	မ	အခြား	ပေါင်း
အဆင်ပြေပါသည်။	၈၅	၂၂၆	၁	၃၁၂	၁၈.၂	၂၀.၅	၁၄.၃	၁၉.၈
အနည်းငယ် အဆင်မပြေပါ။	၂၆၁	၆၆၇	၂	၉၃၀	၅၅.၉	၆၀.၄	၂၈.၆	၅၈.၉
အဆင်မပြေပါ။	၁၁၅	၂၀၀	၃	၃၁၈	၂၄.၆	၁၈.၁	၄၂.၉	၂၀.၁
မဖြေဆို	၆	၁၂	၁	၁၉	၁.၃	၁.၁	၁၄.၃	၁.၂
စုစုပေါင်း	**၄၆၇**	**၁၁၀၅**	**၇**	**၁၅၇၉**	**၁၀၀.၀**	**၁၀၀.၀**	**၁၀၀.၀**	**၁၀၀.၀**

ပုံ 20 အလုပ်အကိုင်အခြေအနေအလိုက် ဖြေဆိုသူရာခိုင်နှုန်း



အလုပ်လုပ်ကိုင်လျက်ရှိသော CDM ဝန်ထမ်းများ၏ အလုပ်တွင် အဆင်ပြေမှုအခြေအနေကို လေ့လာကြည့်ရာ ၂၀.၁% သည် အလုပ်တွင် အဆင်မပြေကြောင်း တွေ့ရှိရပြီး၊ ၅၈.၉% သည် အလုပ်တွင် အနည်းငယ် အဆင်မပြေမှုများရှိကြောင်း တွေ့ရှိရပါသည်။

ဇယား 21 အလုပ်ပြောင်းလဲလုပ်ကိုင်လိုမှုအခြေအနေအလိုက် ဖြေဆိုသူဦးရေနှင့် ရာခိုင်နှုန်း

	ဦးရေ				ရာခိုင်နှုန်း			
	ကျား	မ	အခြား	ပေါင်း	ကျား	မ	အခြား	ပေါင်း
ပြောင်းလိုပါသည်။	၂၂၄	၅၂၉	၄	၇၅၇	၄၈.၀	၄၇.၉	၅၇.၁	၄၇.၉
လုပ်ခရုအလုပ်အကိုင်	*၆၅*	*၁၈၃*	*၂*	*၂၅၀*	*၂၉.၀*	*၃၄.၆*	*၅၀.၀*	*၃၃.၀*
ကိုယ်ပိုင်လုပ်ငန်း	*၁၅၅*	*၃၃၄*	*၂*	*၄၉၁*	*၆၉.၂*	*၆၃.၁*	*၅၀.၀*	*၆၄.၉*
မဖြေဆို	*၄*	*၁၂*	*၀*	*၁၆*	*၁.၈*	*၂.၃*	*၀.၀*	*၂.၁*
မပြောင်းလိုပါ။	၂၃၂	၅၄၄	၂	၇၇၈	၄၉.၇	၄၉.၂	၂၈.၆	၄၉.၃
မဖြေဆို	၁၁	၃၂	၁	၄၄	၂.၄	၂.၉	၁၄.၃	၂.၈
စုစုပေါင်း	**၄၆၇**	**၁၁၀၅**	**၇**	**၁၅၇၉**	**၁၀၀.၀**	**၁၀၀.၀**	**၁၀၀.၀**	**၁၀၀.၀**

ပုံ 21 အလုပ်ပြောင်းလဲလုပ်ကိုင်လိုမှုအလိုက် ဖြေဆိုသူရာခိုင်နှုန်း



အလုပ်လုပ်ကိုင်လျက်ရှိသူ CDM ဝန်ထမ်းများ၏ အလုပ်ပြောင်းလဲလုပ်ကိုင်လိုမှု အခြေအနေကို လေ့လာကြည့်ရာ ၄၇.၉% (၇၅၇ ဦး) သည် အလုပ်ပြောင်းလဲလုပ်ကိုင်လိုကြောင်း တွေ့ရှိရပြီး၊ အများစု ဖြစ်၉.၉% သည် ကိုယ်ပိုင်လုပ်ငန်းကိုလည်းကောင်း၊ ၃၃.၀% သည် လုပ်ခလစာရအလုပ်ကိုလည်းကောင်း ပြောင်းလဲလုပ်ကိုင်လိုကြောင်း တွေ့ရှိရပါသည်။

ဇယား 22 အလုပ်ပြောင်းလဲလုပ်ကိုင်ရန် ပံ့ပိုးပေးစေလိုမှုအခြေအနေ

	ဦးရေ				ရာခိုင်နှုန်း			
	ကျား	မ	အခြား	ပေါင်း	ကျား	မ	အခြား	ပေါင်း
အလုပ်အကိုင်ချိတ်ဆက်ပေးမှု	၈၇	၂၃၀	၁	၃၁၈	၃၉.၄	၄၄.၆	၃၃.၃	၄၃.၀
ငွေကြေးအကူအညီ	၁၂၀	၂၂၈	၂	၃၅၀	၅၄.၃	၄၄.၂	၆၆.၇	၄၇.၃
နည်းပညာအကူအညီ	၁၁	၄၆	၀	၅၇	၅.၀	၈.၉	၀.၀	၇.၇
အခြား	၃	၁၂	၀	၁၅	၁.၄	၂.၃	၀.၀	၂.၀
စုစုပေါင်း	**၂၂၁**	**၅၁၆**	**၃**	**၇၄၀**	**၁၀၀.၀**	**၁၀၀.၀**	**၁၀၀.၀**	**၁၀၀.၀**

ပုံ 22 အလုပ်အကိုင်ပြောင်းလဲလုပ်ကိုင်ရန် ပံ့ပိုးပေးစေလိုမှု အခြေအနေ



အလုပ်အကိုင် ပြောင်းလဲလုပ်ကိုင်လိုသူ ၇၄၀ ဦးကို ပံ့ပိုးပေးစေလိုသည့် အခြေအနေအလိုက် လေ့လာကြည့်ရာ အလုပ်အကိုင်ချိတ်ဆက်ပေးစေလိုမှု ၄၃.၀%၊ ငွေကြေးအကူအညီပေးစေလိုမှု ၄၄.၃%၊ နည်းပညာအကူအညီပေးစေလိုမှု ၇.၇% ဖြစ်ကြောင်း တွေ့ရှိရပါသည်။

အလုပ်အကိုင်လိုအပ်မှုအခြေအနေလေ့လာချက်

ဝင်ငွေရအလုပ် မလုပ်ကိုင်ရသည့်အကြောင်းအရင်း

ဇယား 23 ဝင်ငွေရအလုပ်မလုပ်ကိုင်ရသည့်အကြောင်းအရင်းအလိုက် ဦးရေနှင့် ရာခိုင်နှုန်း

	ဦးရေ				ရာခိုင်နှုန်း			
	ကျား	မ	အခြား	ပေါင်း	ကျား	မ	အခြား	ပေါင်း
မိသားစုအဆင်ပြေ၍ အလုပ်မလုပ်ခြင်း	၂၀	၈၃	၃	၁၀၆	၁.၅	၂.၄	၈.၆	၂.၂
လုံခြုံရေးအရအလုပ်လုပ်ရန်ခက်ခဲခြင်း	၄၄၂	၈၈၂	၁၂	၁၃၃၆	၃၃.၃	၂၅.၇	၃၄.၃	၂၇.၉
အလုပ်လျှောက်သော်လည်း အလုပ်ခန့်ထားမှုမရှိ	၁၉၁	၅၄၁	၆	၇၃၈	၁၄.၄	၁၅.၈	၁၇.၁	၁၅.၄
အလုပ်ရှာဖွေ၍မရခြင်း	၃၅၂	၇၇၄	၇	၁၁၃၃	၂၆.၅	၂၂.၆	၂၀.၀	၂၃.၆
ကိုယ်ပိုင်အလုပ်လုပ်ရန်စွေးကွက်မရှိခြင်း	၂၈	၁၀၄	၂	၁၃၄	၂.၁	၃.၀	၅.၇	၂.၈
ကိုယ်ပိုင်အလုပ်လုပ်ရန် အရင်းအနှီးမရှိခြင်း	၂၁၃	၇၇၄	၄	၉၉၁	၁၆.၀	၂၂.၆	၁၁.၄	၂၀.၇
အခြား	၈၃	၂၇၄	၁	၃၅၈	၆.၂	၈.၀	၂.၉	၇.၅
စုစုပေါင်း	**၁၃၂၉**	**၃၄၃၂**	**၃၅**	**၄၇၉၆**	**၁၀၀.၀**	**၁၀၀.၀**	**၁၀၀.၀**	**၁၀၀.၀**

ပုံ 23 ဝင်ငွေရအလုပ် မလုပ်ကိုင်ရသည့် အကြောင်းအရင်းအလိုက် ရာခိုင်နှုန်း



ဝင်ငွေရအလုပ် လုပ်ကိုင်နေခြင်းမရှိသည့် CDM ဝန်ထမ်း ၄၈၀၂ ဦးရှိသည့်အနက် အကြောင်းအရင်းဖြေဆိုသူ ၄၇၉၆ ဦးကို အလုပ်မလုပ်ရသည့် အဓိက အကြောင်းအရင်းအလိုက် လေ့လာကြည့်ရာ ၂၇.၉% သည် လုံခြုံရေးအရ အလုပ်လုပ်ရန်ခက်ခဲခြင်း၊ ၂၃.၆% သည် အလုပ်ရှာဖွေ၍မရခြင်း၊ ၂၀.၇% သည် ကိုယ်ပိုင်အလုပ်လုပ်ရန် အရင်းအနှီးမရှိခြင်း၊ ၁၅.၄% သည် အလုပ်လျှောက်သော်လည်း အလုပ်ခန့်ထားမှုမရှိခြင်းတို့ကြောင့် အလုပ်မလုပ်ခြင်းဖြစ်သည်ကို တွေ့ရှိရပါသည်။

အလုပ်အကိုင် လုပ်ကိုင်လိုမှုအခြေအနေ

ဇယား 24 အလုပ်အကိုင် လုပ်ကိုင်လိုမှုအခြေအနေအလိုက် ဦးရေနှင့် ရာခိုင်နှုန်း

	ဦးရေ				ရာခိုင်နှုန်း			
	ကျား	မ	အခြား	ပေါင်း	ကျား	မ	အခြား	ပေါင်း
လုပ်ကိုင်လိုပါသည်	၁၂၂၀	၃၂၀၆	၃၄	၄၄၆၀	၉၁.၇	၉၃.၃	၉၇.၁	၉၂.၉
မလုပ်လိုပါ	၁၁၀	၂၃၁	၁	၃၄၂	၈.၃	၆.၇	၂.၉	၇.၁
စုစုပေါင်း	**၁၃၃၀**	**၃၄၃၇**	**၃၅**	**၄၈၀၂**	**၁၀၀.၀**	**၁၀၀.၀**	**၁၀၀.၀**	**၁၀၀.၀**

ပုံ 24 အလုပ်လုပ်ကိုင်လိုမှု ရာခိုင်နှုန်း



ဝင်ငွေရအလုပ် လုပ်ကိုင်နေခြင်းမရှိသည့် CDM ဝန်ထမ်း ၄၄၆၀ ဦးကို အလုပ်လုပ်ကိုင်လိုမှု အခြေအနေအရ လေ့လာကြည့်ရာ ၄၄၆၀ ဦး (၉၂.၉%) သည် အလုပ်လုပ်ကိုင်လိုကြောင်း တွေ့ရှိရမည် ဖြစ်ပါသည်။ အလုပ်လုပ်ကိုင်လိုသူ ၄၄၆၀ ဦးတွင် အမျိုးသား ၁၂၂၀ ဦး၊ အမျိုးသမီး ၃၂၀၆ ဦး၊ အခြား ၃၄ ဦး ဖြစ်ကြောင်း တွေ့ရှိရပါသည်။

ဇယား 25 အသက်အပိုင်းအခြားအလိုက် အလုပ်လုပ်ကိုင်လိုသူ ဦးရေနှင့် ရာခိုင်နှုန်း

	ဦးရေ				ရာခိုင်နှုန်း			
	ကျား	မ	အခြား	ပေါင်း	ကျား	မ	အခြား	ပေါင်း
၂၅ နှစ်နှင့်အောက်	၁၅၀	၂၆၆	၀	၄၁၆	၁၂.၃	၈.၃	၀.၀	၉.၃
၂၆ - ၃၀	၃၆၄	၈၄၁	၆	၁၂၁၁	၂၉.၈	၂၆.၂	၁၇.၆	၂၇.၂
၃၁ - ၃၅	၂၇၇	၇၆၇	၅	၁၀၄၉	၂၂.၇	၂၃.၉	၁၄.၇	၂၃.၅
၃၆ - ၄၀	၁၈၇	၅၃၆	၅	၇၂၈	၁၅.၃	၁၆.၇	၁၄.၇	၁၆.၃
၄၁ - ၄၅	၁၀၉	၃၁၃	၆	၄၂၈	၈.၉	၉.၈	၁၇.၆	၉.၆
၄၆ - ၅၀	၆၅	၂၄၉	၆	၃၂၀	၅.၃	၇.၈	၁၇.၆	၇.၂
၅၁ - ၅၅	၄၈	၁၄၀	၃	၁၉၁	၃.၉	၄.၄	၈.၈	၄.၃
၅၆+	၂၀	၉၄	၃	၁၁၇	၁.၆	၂.၉	၈.၈	၂.၆
စုစုပေါင်း	**၁၂၂၀**	**၃၂၀၆**	**၃၄**	**၄၄၆၀**	**၁၀၀.၀**	**၁၀၀.၀**	**၁၀၀.၀**	**၁၀၀.၀**

ပုံ 25 အသက်အပိုင်းအခြားအလိုက် အလုပ်လုပ်ကိုင်လိုသူ ရာခိုင်နှုန်း



အသက်အပိုင်းအခြားအလိုက် အလုပ်လုပ်ကိုင်လိုသူဦးရေကို လေ့လာကြည့်ရာ အသက် ၂၆ မှ ၄၀ နှစ်အကြား အသက်အပိုင်းအခြားရှိသူများ အများဆုံးဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်ပြီး၊ အသက် ၂၆-၃၀ နှစ်အကြား အလုပ်လုပ်ကိုင်လိုသူ ၂၅.၂% (၁၂၁၁ ဦး)၊ အသက် ၃၁-၃၅ နှစ်အကြား အလုပ်လုပ် ကိုင်လိုသူ ၂၃.၅% (၁၀၄၉ ဦး)၊ အသက် ၃၆-၄၀ နှစ်ကြား အလုပ်လုပ်ကိုင်လိုသူ ၁၆.၃% (၇၂၈ ဦး) ဖြစ်ကြောင်း တွေ့ရှိရပါသည်။

အလုပ်လုပ်ကိုင်လိုသူများ၏ အဓိကလိုအပ်သော အလုပ်အကိုင်အခြေအနေ

ဇယား 26 လုပ်ကိုင်လိုသော အလုပ်အကိုင်အခြေအနေအလိုက် ဦးရေနှင့် ရာခိုင်နှုန်း

	ဦးရေ				ရာခိုင်နှုန်း			
	ကျား	မ	အခြား	ပေါင်း	ကျား	မ	အခြား	ပေါင်း
ကိုယ်ပိုင်အလုပ်	၅၀၅	၁၅၅၄	၂၀	၂၀၇၉	၄၁.၄	၄၈.၅	၅၈.၈	၄၆.၆
နေ့စားအလုပ်	၆၇	၄၃	၀	၁၁၀	၅.၅	၁.၃	၀.၀	၂.၅
အချိန်ပိုင်းအလုပ်	၂၂၉	၇၂၂	၅	၉၅၆	၁၈.၈	၂၂.၅	၁၄.၇	၂၁.၄
အချိန်ပြည့်	၄၁၉	၈၈၇	၉	၁၃၁၅	၃၄.၃	၂၇.၇	၂၆.၅	၂၉.၅
စုစုပေါင်း	**၁၂၂၀**	**၃၂၀၆**	**၃၄**	**၄၄၆၀**	**၁၀၀.၀**	**၁၀၀.၀**	**၁၀၀.၀**	**၁၀၀.၀**

ပုံ 26 လုပ်ကိုင်လိုသော အလုပ်အကိုင်အခြေအနေအလိုက် ရာခိုင်နှုန်း



အလုပ်လုပ်ကိုင်လိုသူ ၄၄၆၀ ဦးကို လုပ်ကိုင်လိုသော အလုပ်အကိုင်အခြေအနေအလိုက် လေ့လာကြည့်ရာ ကိုယ်ပိုင်အလုပ် လုပ်ကိုင်လိုသူ ၄၆.၆% (၂၀၇၉ ဦး)၊ အချိန်ပြည့်အလုပ် လုပ်ကိုင်လိုသူ ၂၉.၅% (၁၃၁၅ ဦး)၊ အချိန်ပိုင်းအလုပ် လုပ်ကိုင်လိုသူ ၂၁.၄% (၉၅၆ ဦး) နှင့် နေ့စားအလုပ် လုပ်ကိုင်လိုသူ ၂.၅% (၁၁၀ ဦး) ဖြစ်ကြောင်း တွေ့ရှိရပါသည်။

ဇယား 27 အလုပ်အကိုင်အမျိုးအစားအလိုက် အလုပ်လုပ်ကိုင်လိုသူ ဦးရေနှင့် ရာခိုင်နှုန်း

	ဦးရေ				ရာခိုင်နှုန်း			
	ကျား	မ	အခြား	ပေါင်း	ကျား	မ	အခြား	ပေါင်း
မူလတန်းပြဆရာ	၈၀	၃၈၆	၁	၄၆၇	၆.၆	၁၂.၀	၂.၉	၁၀.၅
အလယ်တန်းပြဆရာ	၇၈	၃၂၉	၂	၄၀၉	၆.၄	၁၀.၃	၅.၉	၉.၂
ဈေးဆိုင်ပိုင်ရှင်	၆၃	၂၉၉	၂	၃၆၄	၅.၂	၉.၃	၅.၉	၈.၂
စာရင်းကိုင်	၃၆	၁၃၆	၂	၁၇၄	၃.၀	၄.၂	၅.၉	၃.၉
တက္ကသိုလ်နှင့် အဆင့်မြင့်ပညာသင်ကြားသူ	၂၆	၁၂၆	၄	၁၅၆	၂.၁	၃.၉	၁၁.၈	၃.၅
သူနာပြု	၁၁	၁၂၈	၁	၁၄၀	၀.၉	၄.၀	၂.၉	၃.၁
စိုက်ပျိုးရေးပညာရှင်	၄၁	၉၅	၁	၁၃၇	၃.၄	၃.၀	၂.၉	၃.၁
အရောင်းနှင့်ဈေးကွက်မန်နေဂျာ	၂၉	၈၃	၁	၁၁၃	၂.၄	၂.၆	၂.၉	၂.၅
ကွန်ပျူတာ၊ လက်နှိပ်စက်စာရေး	၃၁	၇၃	၁	၁၀၅	၂.၅	၂.၃	၂.၉	၂.၄
စီခံခန့်ခွဲမှုမန်နေဂျာ	၂၉	၆၈	၀	၉၇	၂.၄	၂.၁	၀.၀	၂.၂
အထည်ဒီဇိုင်းပညာရှင်	၃	၇၇	၁	၈၁	၀.၂	၂.၄	၂.၉	၁.၈
အရောင်းမန်နေဂျာ	၂၇	၅၀	၁	၇၈	၂.၂	၁.၆	၂.၉	၁.၇
ငွေစာရင်းမန်နေဂျာ	၁၈	၅၅	၀	၇၃	၁.၅	၁.၇	၀.၀	၁.၆

	ဦးရေ				ရာခိုင်နှုန်း			
	ကျား	မ	အခြား	ပေါင်း	ကျား	မ	အခြား	ပေါင်း
မြို့ပြအင်ဂျင်နီယာ	၁၁	၅၄	၀	၆၅	၀.၉	၁.၇	၀.၀	၁.၅
ဆေးဝါးကျွမ်းကျင်	၁၉	၄၅	၀	၆၄	၁.၆	၁.၄	၀.၀	၁.၄
အရောင်းကိုယ်စားလှယ်	၁၆	၃၉	၁	၅၆	၁.၃	၁.၂	၂.၉	၁.၃
လျှပ်စစ်အင်ဂျင်နီယာ	၂၂	၃၂	၀	၅၄	၁.၈	၁.၀	၀.၀	၁.၂
မူကြိုဆရာ	၄	၄၉	၀	၅၃	၀.၃	၁.၅	၀.၀	၁.၂
ကျန်းမာရေးသက်မွေးပညာရှင်	၁၂	၃၇	၀	၄၉	၁.၀	၁.၂	၀.၀	၁.၁
စာရင်းအင်းပညာရှင်	၇	၄၀	၀	၄၇	၀.၆	၁.၂	၀.၀	၁.၁
အထွေထွေရုံးစာရေး	၁၅	၃၁	၁	၄၇	၁.၂	၁.၀	၂.၉	၁.၁
သူနာပြု	၃	၄၀	၀	၄၃	၀.၂	၁.၂	၀.၀	၁.၀
အခြား	၆၃၉	၉၃၄	၁၅	၁၅၈၈	၅၂.၄	၂၉.၁	၄၄.၁	၃၅.၆
စုစုပေါင်း	**၁၂၂၀**	**၃၂၀၆**	**၃၄**	**၄၄၆၀**	**၁၀၀.၀**	**၁၀၀.၀**	**၁၀၀.၀**	**၁၀၀.၀**

အလုပ်လုပ်ကိုင်လိုသူ ၄၄၆၀ ဦးကို လုပ်ကိုင်လိုသော အလုပ်အကိုင်အမျိုးအစားအလိုက် လေ့လာကြည့်ရာ မူလတန်းပြဆရာအဖြစ် လုပ်ကိုင်လိုသူ ၁၀.၅% (၄၆၇ ဦး)၊ အလယ်တန်းပြဆရာအဖြစ် လုပ်ကိုင်လိုသူ ၉.၂% (၄၀၉ ဦး) နှင့် ဈေးဆိုင်ပိုင်ရှင်အဖြစ် လုပ်ကိုင်လိုသူ ၈.၂% (၃၅၄ ဦး) ဖြင့် အများဆုံးဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။

ဇယား 28 အဓိကအလုပ်အကိုင်အုပ်စုအမျိုးအစားအလိုက် အလုပ်လုပ်ကိုင်လိုသူ ဦးရေနှင့် ရာခိုင်နှုန်း

	ဦးရေ				ရာခိုင်နှုန်း			
	ကျား	မ	အခြား	ပေါင်း	ကျား	မ	အခြား	ပေါင်း
မန်နေဂျာ	၁၇၂	၃၃၃	၃	၅၀၈	၁၄.၁	၁၀.၄	၈.၈	၁၁.၄
အတတ်ပညာရှင်	၄၉၁	၁၇၈၆	၁၅	၂၂၉၂	၄၀.၂	၅၅.၇	၄၄.၁	၅၁.၄
နည်းပညာရှင်နှင့် ဆက်စပ်အတတ်ပညာရှင်	၁၄၆	၃၀၀	၄	၄၅၀	၁၂.၀	၉.၄	၁၁.၈	၁၀.၁
ရုံးလုပ်ငန်းဆိုင်ရာ ထောက်ပံ့ရေး အလုပ်သမား	၇၇	၁၆၉	၄	၂၅၀	၆.၃	၅.၃	၁၁.၈	၅.၆
ဝန်ဆောင်မှုနှင့် အရောင်းလုပ်သား	၁၁၂	၃၆၇	၃	၄၈၂	၉.၂	၁၁.၄	၈.၈	၁၀.၈
စိုက်ပျိုးရေး၊ သစ်တောနှင့် ရေလုပ်သား	၂၁	၁၃	၀	၃၄	၁.၇	၀.၄	၀.၀	၀.၈
လက်မှုနှင့်ဆက်စပ်လုပ်သား	၃၈	၄၄	၁	၈၃	၃.၁	၁.၄	၂.၉	၁.၉
စက်ရုံအော်ပရေတာနှင့် စက်ပစ္စည်း မောင်းနှင်လုပ်သား	၃၁	၃	၁	၃၅	၂.၅	၀.၁	၂.၉	၀.၈
အထွေထွေလုပ်သား	၇	၉	၀	၁၆	၀.၆	၀.၃	၀.၀	၀.၄
အခြား	၁၂၅	၁၈၂	၃	၃၁၀	၁၀.၂	၅.၇	၈.၈	၇.၀
စုစုပေါင်း	**၁၂၂၀**	**၃၂၀၆**	**၃၄**	**၄၄၆၀**	**၁၀၀.၀**	**၁၀၀.၀**	**၁၀၀.၀**	**၁၀၀.၀**

ပုံ 27 အဓိကအလုပ်အကိုင်အုပ်စုအမျိုးအစားအလိုက် အလုပ်လုပ်ကိုင်လိုသူရာခိုင်နှုန်း



အပြည်ပြည်ဆိုင်ရာ အလုပ်အကိုင် စံသတ်မှတ်ချက်အရ အဓိကအလုပ်အကိုင်အုပ်စု အမျိုးအစား အလိုက် အလုပ်လုပ်ကိုင်လိုသူများကို လေ့လာကြည့်ရာ အတတ်ပညာရှင် အလုပ်အကိုင်ကို လုပ်ကိုင်လိုသူ ၅၁.၄%၊ မန်နေဂျာ အလုပ်အကိုင်ကို လုပ်ကိုင်လိုသူ ၁၁.၄%၊ ဝန်ဆောင်မှုနှင့် အရောင်းလုပ်သား အလုပ်အကိုင်ကို လုပ်ကိုင်လိုသူ ၁၀.၈% နှင့် နည်းပညာနှင့် ဆက်စပ်အတတ်ပညာရှင် အလုပ်အကိုင်ကို လုပ်ကိုင်လိုသူ ၁၀.၁% ဖြစ်သည်ကို တွေ့ရှိရပါသည်။

ဇယား 29 လုပ်ငန်းကဏ္ဍအလိုက် အလုပ်လုပ်ကိုင်လိုသူ ဦးရေနှင့် ရာခိုင်နှုန်း

	ဦးရေ				ရာခိုင်နှုန်း			
	ကျား	မ	အခြား	ပေါင်း	ကျား	မ	အခြား	ပေါင်း
ပညာရေးလုပ်ငန်း	၁၅၁	၇၇၀	၄	၉၂၅	၁၂.၄	၂၄.၀	၁၁.၈	၂၀.၇
ထုတ်လုပ်ခြင်းလုပ်ငန်း	၂၃၇	၅၂၉	၇	၇၇၃	၁၉.၄	၁၆.၅	၂၀.၆	၁၇.၃
လက်လီနှင့် လက္ကားရောင်းဝယ်ရေးလုပ်ငန်း	၁၅၆	၅၅၁	၉	၇၁၆	၁၂.၈	၁၇.၂	၂၆.၅	၁၆.၁
စိုက်ပျိုးရေး၊ သစ်တော၊ တိရစ္ဆာန်မွေးမြူခြင်းလုပ်ငန်း	၁၉၂	၂၅၅	၂	၄၄၉	၁၅.၇	၈.၀	၅.၉	၁၀.၁
လူသားကျန်းမာရေးနှင့် လူမှုရေးလုပ်ငန်း	၅၅	၂၆၁	၂	၃၁၈	၄.၅	၈.၁	၅.၉	၇.၁
စီမံအုပ်ချုပ်မှုနှင့် အထောက်အကူပြု ဝန်ဆောင်မှု လုပ်ငန်း	၅၀	၁၆၇	၂	၂၁၉	၄.၁	၅.၂	၅.၉	၄.၉
အတတ်ပညာ၊ သိပ္ပံနှင့် နည်းပညာဆိုင်ရာ လုပ်ငန်း	၃၆	၁၆၀	၁	၁၉၇	၃.၀	၅.၀	၂.၉	၄.၄
တည်းခိုခြင်းနှင့် အစားအသောက် ဝန်ဆောင်မှု လုပ်ငန်း	၄၁	၉၉	၀	၁၄၀	၃.၄	၃.၁	၀.၀	၃.၁
ဆောက်လုပ်ရေးလုပ်ငန်း	၃၇	၅၂	၀	၈၉	၃.၀	၁.၆	၀.၀	၂.၀
သတင်းနှင့် ဆက်သွယ်ရေးလုပ်ငန်း	၂၇	၅၄	၁	၈၂	၂.၂	၁.၇	၂.၉	၁.၈
သယ်ယူပို့ဆောင်ခြင်းနှင့် သိုလှောင်ခြင်းလုပ်ငန်း	၂၄	၂၃	၀	၄၇	၂.၀	၀.၇	၀.၀	၁.၁
သတ္တုတူးဖော်ခြင်းနှင့် ကျောက်တူးခြင်းလုပ်ငန်း	၁၄	၁၃	၁	၂၈	၁.၁	၀.၄	၂.၉	၀.၆

	ဦးရေ				ရာခိုင်နှုန်း			
	ကျား	မ	အခြား	ပေါင်း	ကျား	မ	အခြား	ပေါင်း
အနုပညာ၊ ဖျော်ဖြေရေးနှင့် အပန်းဖြေရေး ဆိုင်ရာလုပ်ငန်း	၁၃	၈	၀	၂၁	၁.၁	၀.၂	၀.၀	၀.၅
အခြားဝန်ဆောင်မှုလုပ်ငန်း	၁၁	၆	၀	၁၇	၀.၉	၀.၂	၀.၀	၀.၄
ငွေကြေးနှင့် အာမခံဆိုင်ရာလုပ်ငန်း	၄	၁၁	၀	၁၅	၀.၃	၀.၃	၀.၀	၀.၃
လျှပ်စစ်ဓာတ်အား၊ ဓာတ်ငွေ့၊ ရေနွေးငွေ့ ဖြန့်ဖြူးရေးလုပ်ငန်း	၄	၈	၀	၁၂	၀.၃	၀.၂	၀.၀	၀.၃
အိမ်၊ ခြံ၊ မြေ အကျိုးဆောင်လုပ်ငန်း	၃	၅	၀	၈	၀.၂	၀.၂	၀.၀	၀.၂
အိမ်တွင်းအထောက်အကူပြု (အိမ်အကူ)လုပ်ငန်း	၂	၃	၀	၅	၀.၂	၀.၁	၀.၀	၀.၁
ရေဖြန့်ဝေခြင်းနှင့် မိလ္လာအညစ်အကြေး၊ ရေဆိုး၊ စွန့်ပစ်ပစ္စည်းသိမ်းဆည်းခြင်းလုပ်ငန်း	၀	၀	၀	၀	၀.၀	၀.၀	၀.၀	၀.၀
ပြည်သူ့အုပ်ချုပ်ရေးနှင့် ကာကွယ်ရေး၊ လူမှုရေး လုပ်ငန်း	၀	၀	၀	၀	၀.၀	၀.၀	၀.၀	၀.၀
အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ	၀	၀	၀	၀	၀.၀	၀.၀	၀.၀	၀.၀
အခြား	၁၆၃	၂၃၁	၅	၃၉၉	၁၃.၄	၇.၂	၁၄.၇	၈.၉
စုစုပေါင်း	၁၂၂၀	၃၂၀၆	၃၄	၄၄၆၀	၁၀၀.၀	၁၀၀.၀	၁၀၀.၀	၁၀၀.၀

ပုံ 28 လုပ်ငန်းကဏ္ဍအလိုက် အလုပ်လုပ်ကိုင်လိုသူ ရာခိုင်နှုန်း



အလုပ်လုပ်ကိုင်လိုသူ ၄၄၆၀ ဦးကို ၎င်းတို့လုပ်ကိုင်လိုသည့် လုပ်ငန်းကဏ္ဍအမျိုးအစားအလိုက် လေ့လာကြည့်ရာ ပညာရေးလုပ်ငန်းကဏ္ဍတွင် လုပ်ကိုင်လိုသူ ၂၀.၇% (၉၂၅ ဦး)၊ ထုတ်လုပ်ခြင်းလုပ်ငန်း ကဏ္ဍတွင် လုပ်ကိုင်လိုသူ ၁၇.၃% (၇၇၃ ဦး)၊ လက်လီနှင့် လက္ကားရောင်းဝယ်ရေး (မော်တော်ကားနှင့် မော်တော်ဆိုင်ကယ် ပြုပြင်ခြင်း) လုပ်ငန်းကဏ္ဍတွင် လုပ်ကိုင်လိုသူ ၁၆.၁% (၇၁၆ ဦး) နှင့် စိုက်ပျိုးရေး၊ သစ်တောနှင့် တိရိစ္ဆာန်မွေးမြူခြင်း လုပ်ငန်းကဏ္ဍတွင် လုပ်ကိုင်လိုသူ ၁၀.၁% (၄၄၉ ဦး) ဖြင့် အများဆုံး တွေ့ရှိရမည်ဖြစ်သည်။

သင်တန်းတက်ရောက်လိုမှုအခြေအနေ

အွန်လိုင်းသင်တန်း တက်ရောက်လိုမှုဆိုင်ရာအချက်အလက်များ

ဇယား 30 အွန်လိုင်းမှဖွင့်လှစ်ပို့ချလျက်ရှိသည့်သင်တန်းအမျိုးအစားအလိုက် တက်ရောက်လိုသူဦးရေ

	ဦးရေ			
	ကျား	မ	အခြား	ပေါင်း
အင်္ဂလိပ်ဘာသာစကားသင်တန်း	၅၈၉	၁၉၀၇	၁၃	၂၅၀၉
အအေးနှင့် မုန့်လုပ်သင်တန်း	၃၆၆	၁၃၉၀	၁၈	၁၇၇၄
အခြေခံကွန်ပျူတာသင်တန်း	၃၃၄	၉၈၇	၇	၁၃၂၈
စီမံကိန်းစီမံခန့်ခွဲမှုသင်တန်း	၂၇၆	၆၅၃	၅	၉၃၄
ဂျပန်ဘာသာစကားသင်တန်း	၂၁၃	၅၄၈	၃	၇၆၄
ကျေးလက်ဒေသ အမျိုးသမီးများ အလုပ်အကိုင် ရရှိရေးသင်တန်း	၄၉	၇၀၆	၄	၇၅၉
ဆပ်ပြာပြုလုပ်မှုသင်တန်း	၁၁၂	၅၉၀	၃	၇၀၅
IT and Web Development Training	၂၆၅	၄၀၇	၂	၆၇၄
အခြေခံ Excel သင်တန်း	၁၂၀	၄၈၅	၂	၆၀၇
ရှေးဦးသူနာပြုစုနည်းသင်တန်း	၁၀၅	၄၄၂	၁	၅၄၈
Digital Tool အသုံးပြုမှုသင်တန်း	၁၃၉	၃၆၀	၈	၅၀၇
ကိုရီးယားဘာသာစကားသင်တန်း	၁၀၆	၃၄၃	၂	၄၅၁
ဒစ်ဂျစ်တယ်လုံခြုံရေးဆိုင်ရာဗဟုသုတမျှဝေမှုသင်တန်း	၈၆	၂၃၄	၃	၃၂၃
ELECTRICAL POWER	၂၁၄	၉၆	၂	၃၁၂
ADOBE TOOLS အသုံးပြုမှုသင်တန်း	၈၃	၁၂၉	၂	၂၁၄
DIGITAL LITERACY	၅၅	၁၅၀	၃	၂၀၈
တင်ဒါ	၆၆	၁၃၁	၁	၁၉၈
SOLAR POWER	၁၀၀	၇၃	၂	၁၇၅
POST CONTRACT ADMINISTRATION	၂၉	၈၃	၁	၁၁၃
COMBAT MEDIC TRAINING	၂၂	၃၇	၁	၆၀

ပုံ 29 သင်တန်းအမျိုးအစားအလိုက် တက်ရောက်လိုသူဦးရေ

ဇယား 31 ဖွင့်လှစ်ပေးစေလိုသည့် အွန်လိုင်းသင်တန်း အကြံပြုသူဦးရေ

	ကျား	မ	အခြား	ပေါင်း
စက်ချုပ်သင်တန်း	၂	၂၀၅	၁	၂၀၈
English 4 Skills Training	၅၆	၁၃၈	၀	၁၉၄
ဆေးဝါးကျွမ်းကျင်သင်တန်း	၁၅	၆၆	၂	၈၃
စိုက်ပျိုးရေးဆိုင်ရာသင်တန်း	၃၃	၃၄	၁	၆၈
Online Teaching ဆိုင်ရာ သင်တန်း	၅	၅၀	၀	၅၅
မုန့်လုပ်နည်းသင်တန်း	၉	၄၀	၁	၅၀
လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုသင်တန်း	၁၇	၃၂	၁	၅၀
ဒီဇိုင်နာသင်တန်း	၂	၄၇	၀	၄၉
LCCI သင်တန်း	၂	၄၄	၀	၄၆
Mobile Phone ပြုပြင်နည်းသင်တန်း	၃၁	၁၅	၀	၄၆
စာရင်းကိုင်သင်တန်း	၉	၃၅	၁	၄၅
Advance Excel Training	၁၂	၃၀	၀	၄၂

	ကျား	မ	အခြား	ပေါင်း
ထိုင်းဘာသာစကား	၁၄	၂၇	၁	၄၂
Sale and Marketing (including digital) Training	၁၃	၂၆	၁	၄၀
တရုတ်ဘာသာစကား	၁၀	၂၅	၀	၃၅
ချည်ထိုးသင်တန်း	၀	၃၂	၀	၃၂
ဂျပန်ဘာသာစကားသင်တန်း	၇	၁၅	၀	၂၂
စီးပွားရေးစီမံခန့်ခွဲမှုသင်တန်း	၅	၁၇	၀	၂၂
ပန်းချီသင်တန်း	၆	၁၅	၁	၂၂
AutoCAD သင်တန်း	၉	၁၂	၀	၂၁
ဆရာဖြစ်သင်တန်း	၃	၁၇	၀	၂၀
ပန်းအလှဆင်သင်တန်း	၁	၁၉	၀	၂၀

လက်ရှိဖွင့်လှစ်ပေးလျက်ရှိသည့် အွန်လိုင်းသင်တန်းများအပြင် ထပ်မံဖွင့်လှစ်ပေးစေလိုသော အွန်လိုင်း သင်တန်းများကို လေ့လာကြည့်ရာ စက်ချုပ်သင်တန်းဖွင့်လှစ်ပေးစေလိုသူ ၂၀၈ ဦး၊ English 4 Skills သင်တန်းဖွင့်လှစ်ပေးစေလိုသူ ၈၃၊ စိုက်ပျိုးရေးသင်တန်း ဖွင့်လှစ်ပေးစေလိုသူ ၈၃ ဦး၊ စိုက်ပျိုးရေးဆိုင်ရာ သင်တန်းဖွင့်လှစ်ပေးစေလိုသူ ၆၈ ဦး၊ Online Teaching သင်တန်းဖွင့်လှစ်ပေးစေလိုသူ ၅၅ ဦး ရှိကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။

မြေပြင်သင်တန်း တက်ရောက်လိုမှုဆိုင်ရာ အချက်အလက်

ဇယား 32 မြေပြင်တွင်ဖွင့်လှစ်မည့် သင်တန်းများ တက်ရောက်လိုသူဦးရေ

	ကျား	မ	အခြား	ပေါင်း
ကားဝပ်ရှော့	၉၀၀	၆၇၄	၆	၁၅၈၀
ပန်းရံ	၂၀၂	၃၂၃	၁	၅၂၆

မြေပြင်တွင် ဖွင့်လှစ်ရန် စီစဉ်ထားသည့် သင်တန်းများ တက်ရောက်လိုမှု အခြေအနေကို လေ့လာကြည့်ရာ ကားဝပ်ရှော့သင်တန်း တက်ရောက်လိုသူ ၁၅၈၀ ဦး ပန်းရံသင်တန်းတက်ရောက်လိုသူ ၅၂၆ ဦး ရှိကြောင်း တွေ့ရှိရပါသည်။ (မှတ်ချက်။ စစ်တမ်းကောက်ယူချိန်တွင် JCIG Training Task Force ကပို့ချပေးနိုင်သည့် မြေပြင်သင်တန်း ၂ ခု(ကားဝပ်ရှော့၊ပန်းရံ) ကိုသာ ထည့်သွင်းခဲ့ခြင်းဖြစ်ပါသည်။)

မူဝါဒပိုင်းဆိုင်ရာအကြံပြုချက်

စစ်တမ်းဖြေဆိုသူ ၆၃၁ ဦးတွင် အမျိုးသမီးများ၏ ပါဝင်မှုသည် ၇၁.၂% (၄၅၄၂ ဦး) ရှိသည်ကို တွေ့ရှိရမည်ဖြစ်ပြီး၊ အများစုသည် အသက် ၂၆ နှစ်မှ ၃၅ နှစ်အကြား လူလတ်ပိုင်းများဖြစ်ရာ ဘဝတက်လမ်း အတွက်ရည်မှန်းချက် ကြီးမားကြသည့် အသက်အပိုင်းအခြားများဖြစ်ကြသည့် အားလျော်စွာ ဝင်ငွေရှာဖွေရန် အကောင်းဆုံးဖြစ်သည့် အသက်အပိုင်းအခြားများဖြစ်ရာ ၎င်းတို့အတွက် အလုပ်အကိုင်ရရှိရေးသည် များစွာ အရေးပါသည့် ကိစ္စရပ်ဖြစ်ပါသည်။

အလုပ်အကိုင်ရှာဖွေရေး စဉ်းစားရာတွင် အမျိုးသမီး လူလတ်ပိုင်းများနှင့် သင့်လျော်သည့် အလုပ်အကိုင်များကို ပိုမိုအလေးထား ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်သည်။ ထို့အပြင် CDM ဝန်ထမ်းအများစုသည် ဘွဲ့ရပညာတတ်များဖြစ်သည့် အားလျော်စွာ ၎င်းတို့၏ အတတ်ပညာနှင့် ကိုက်ညီသော အလုပ်အကိုင်များဖြစ်ရန်ကိုလည်း ဦးစားပေး ထည့်သွင်းစဉ်းစားပေးရန် လိုအပ်မည် ဖြစ်ပါသည်။

ယခုစစ်တမ်း ဝင်ရောက်ဖြေဆိုသူများတွင် ပညာရေးဝန်ကြီးဌာနမှဖြေဆိုသူ ၄၀,၉% ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ၁၂.၆% ဖြင့် အများဆုံး ဝင်ရောက်ဖြေဆိုထားသည်ကို တွေ့ရှိရမည်ဖြစ်ရာ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍမှ အလုပ်အကိုင်များ ပိုမိုချိတ်ဆက် ဆောင်ရွက်ပေးနိုင်မည်ဆိုပါက ထိရောက်သည့် ပံ့ပိုးမှုများ ပေးနိုင်မည်ဖြစ်ပါသည်။

စစ်တမ်းဖြေဆိုသူ အားလုံးနည်းပါး ၉၃.၂% သည် ပြည်တွင်းခ္ဒသာ နေထိုင်လျက်ရှိကြပြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် အများဆုံး နေထိုင်လျက်ရှိသည်ကိုတွေ့ရှိရ၍ အဆိုပါဒေသများတွင် အလုပ်အကိုင်ရရှိရေး ချိတ်ဆက်ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ပါသည်။

CDM ဝန်ထမ်းများ၏ မှီခိုမိသားစုအခြေအနေကို လေ့လာခဲ့ရာ ပျမ်းမျှခြင်းအားဖြင့် ဝန်ထမ်းတစ်ဦးလျှင် မှီခိုသူ လေးဦးခန့်ရှိသည်ကို တွေ့ရှိရမည်ဖြစ်ရာ၊ ၎င်းတို့၏ဝင်ငွေရရှိမှုသည် ၎င်းတို့အပေါ် မှီခိုနေသူများအတွက် များစွာအကျိုးသက်ရောက်မှု ရှိမည်ဖြစ်ပါသည်။ တော်လှန်ရေးကာလအတွင်း အထောက်အပံ့ရရှိမှုအနေဖြင့် အထောက်အပံ့ရရှိမှုသည် စစ်တမ်းဖြေဆိုသူ ၄၈% ကျော်သာရှိပြီး၊ ၅၂% သည် မည်သည့်အထောက်အပံ့မျှ ရရှိမှုမရှိသည်ကို တွေ့ရှိရမည်ဖြစ်သည်။ အထောက်အပံ့ရရှိမှု အနေဖြင့်လည်း တော်လှန်ရေးကာလ ၁၈ လကျော် ကာလအတွင်း ပျမ်းမျှ စုစုပေါင်းရရှိမှုသည် နှစ်သိန်းခွဲခန့်သာ ရှိသည်ကိုတွေ့ရှိရမည်ဖြစ်ရာ ၎င်းတို့၏ အဓိက ရင်ဆိုင်ကြုံတွေ့နေရသည့် ပြဿနာသည် ငွေကြေးအခက်အခဲဖြစ်သည်ကို သိသိသာသာ မြင်တွေ့ရမည် ဖြစ်သည်။ သို့ဖြစ်၍ ၎င်းတို့ဝင်ငွေပုံမှန် ရရှိစေမည့် အလုပ်အကိုင်ဖန်တီးပေးရေးသည် အဓိက လုပ်ဆောင်ရမည့် အခန်းကဏ္ဍတွင် ပါဝင်နေသည်ကို တွေ့ရှိရမည်ဖြစ်သည်။

စစ်တမ်းဖြေဆိုသူ CDM ဝန်ထမ်းများ၏ အလုပ်အကိုင်အခြေအနေကို လေ့လာရာတွင် ၂၅% သည် ဝင်ငွေရအလုပ် လုပ်ကိုင်နေသည်ကို တွေ့ရှိရမည်ဖြစ်သော်လည်း၊ အလုပ်တွင် အဆင်ပြေသူသည် ၂၀% သာရှိပြီး၊ အလုပ်ပြောင်းလဲလိုသူ ၄၈% ခန့်ရှိသည်ကို တွေ့ရှိရမည်ဖြစ်ရာ ၎င်းတို့အတွက် သင့်လျော်

ကောင်းမွန်သော အလုပ်အကိုင်ရရှိရေးကိုလည်း အလုပ်အကိုင်ရှာဖွေရေးလုပ်ငန်းရပ်တွင် ထည့်သွင်းစဉ်းစားရမည် ဖြစ်ပါသည်။

လက်ရှိ ဝင်ငွေရအလုပ်မရှိသည့် CDM ဝန်ထမ်း ၄၈၀၂ ဦးတွင် အားလုံးနည်းပါး ၉၂% ခန့် (၄၄၆၀ ဦး) သည် အလုပ်လုပ်ကိုင်လိုကြသည်ကို တွေ့ရှိရမည်ဖြစ်ပြီး၊ အဓိကအားဖြင့် ၎င်းတို့အတတ်ပညာနှင့် ဆက်စပ်နေသည့် အလုပ်အကိုင်များဖြစ်သည့် ပညာသင်ကြားရေးအလုပ်၊ ကျန်းမာရေး စောင့်ရှောက် သည့် အလုပ်များကို လုပ်ကိုင်လိုကြသည်ကို တွေ့ရသကဲ့သို့ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း လုပ်ကိုင် လိုကြသူများလည်း တွေ့ရှိရမည်ဖြစ်ရာ ငွေကြေးထောက်ပံ့ပေးမှုနှင့် လိုအပ်သော သင်တန်းများ ပို့ချပေးမှုသည်လည်း အဓိကပံ့ပိုးပေးရမည့် အချက်များဖြစ်ပါသည်။

အွန်လိုင်းသင်တန်း တက်ရောက်လိုမှုအနေဖြင့် ၎င်းတို့ဘဝတက်လမ်းအတွက် အထောက်အကူ ဖြစ်စေမည့် အင်္ဂလိပ်ဘာသာစကားသင်တန်း၊ ကွန်ပျူတာသင်တန်း၊ စီမံခန့်ခွဲမှုသင်တန်းများကို တက်ရောက်လိုသည်ကို တွေ့ရှိရမည်ဖြစ်သကဲ့သို့ အသက်မွေးဝမ်းကျောင်းအတွက် ကိုယ်ပိုင်စီးပွားရေး လုပ်ကိုင်နိုင်မည့် အစေးနှင့် မုန့်လုပ်သင်တန်း၊ ဆပ်ပြာပြုလုပ်မှုသင်တန်းများကဲ့သို့ အိမ်တွင်းမှုစီးပွားရေး ဆိုင်ရာ သင်တန်းများ တက်ရောက်လိုကြသည်ကို တွေ့ရှိရမည်ဖြစ်၍ အဆိုပါသင်တန်းမျိုးကို ထိထိရောက်ရောက် ပို့ချပေးနိုင်ရေး စီစဉ်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါသည်။ ထို့အပြင် သင်တန်းတက်ရောက်နိုင်ရေး လုံခြုံရေးနှင့် ငွေးကြေးအထောက်အပံ့များကိုလည်း ဆောင်ရွက်ပေးခြင်းဖြင့် ၎င်းတို့အတွက် ထိထိရောက်ရောက် ပူးပေါင်းဆောင်ရွက်နိုင်ရေး အထောက်အပံ့ ဖြစ်စေမည် ဖြစ်သည်။

နိဂုံး

ယခုစစ်တမ်းမှ တွေ့ရှိချက်များကို အခြေခံ၍ CDM ဝန်ထမ်းများ အလုပ်အကိုင်ရရှိရေးနှင့် ဝင်ငွေ အခွင့်အလမ်းဖော်ဆောင်ရေး စီမံကိန်းများကို ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်မည် ဖြစ်ပါသည်။ စစ်တမ်းရလဒ်များကို အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးရေးနှင့် ဝင်ငွေရရှိတိုးပွားရေး ကော်မတီ(Job Creation and Income Generation Committee) အောက်ရှိ လုပ်ငန်း အဖွဲ့များအားလုံးက ကိုးကားအသုံးပြုပြီး၊ လုပ်ငန်းအဖွဲ့များ၏ သက်ဆိုင်ရာလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည် ဖော်နိုင်ခြင်းဖြင့် CDM ဝန်ထမ်းများအတွက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။